# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌာဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိယဝဂ်(ဓမ္မပဒ – ၂၁၈)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ စနေနေ့ အတွဲ (၆၃)၊ အမှတ်(၁၀၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee နှင့် ယနေ့ ညနေပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**“နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ ဆွေးနွေး”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။






**ယနေ့ ဖတ်စရာ**


**ရန်ကုန်- ဒလ တံတားစီမံကိန်းကြောင့် ဒလတွင် အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်ဖြစ်နေ** — ပြည်တွင်းသတင်း စာ ၂

**လူငယ်များ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့...** — ဆောင်းပါး စာ ၆

**သီရိလင်္ကာနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း ခရီးသွား နှစ်သန်း ဝင်ရောက်ရန် ရည်မှန်းထား** — နိုင်ငံတကာသတင်း စာ ၁၃

# မိတ်ကောင်းဆွေကောင်း အိမ်နီးချင်းကောင်းနှင့်အတူ

မြန်မာနှင့်ထိုင်း နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးတို့က နယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေသည့် နှစ်နိုင်ငံလုံးအတွက် လွန်စွာအရေးပါသည်။ နှစ်နိုင်ငံနယ်စပ်များအကြား ငြိမ်းချမ်းမှု တည်တံ့ခိုင်မြဲသည်နှင့် အမျှ နှစ်ဖက်စလုံးရှိ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည့်အပြင် နှစ်နိုင်ငံစလုံးအတွက် အကျိုးတူစီးပွား တိုးတက်ဖွံ့ဖြိုးစေမည့် အလားအလာကောင်းများစွာလည်း ရှိနေသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်တို့ အကြား ဆက်ဆံရေးတို့မှာ အိမ်နီးချင်းကောင်း၊ မိတ်ကောင်း ဆွေကောင်းများအဖြစ် ခိုင်မြဲလျက်ရှိသည့်တိုင် နယ်စပ်ဒေသ အခြေအနေများတွင်မူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရမည့် လိုအပ်ချက်များရှိနေသည်။ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံနှင့် တပ်မတော် နှစ်ရပ်အကြား အကြီးအကဲများ၏ ဆွေးနွေးမှုတွင် နယ်စပ်ကုန်သွယ်မှုများ လုံခြုံချောမွေ့အဆင်ပြေစေရေးအတွက် နှစ်နိုင်ငံ အကြား နိုင်ငံရေးအရလည်းကောင်း၊ တပ်မတော်နှစ်ရပ်ကြားတွင်လည်း လုံခြုံရေးအရလည်းကောင်း ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ အွန်လိုင်းလောင်းကစားနှင့် ငွေလိမ်ဂိုဏ်းများ တိုက်ဖျက်ရေးတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြန်မာနှင့် ထိုင်း နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်တို့ ပူးပေါင်းဆောင်ရွက်သွားကြမည့် အဆိုပါလုပ်ငန်းစဉ်များသည် မိမိတို့နိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေး စသည့် အဘက်ဘက်မှ အရေးပါသည့် ကဏ္ဍများပင်ဖြစ်သည်။ နှစ်နိုင်ငံနယ်စပ် မြဝတီမြို့အနီး အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများကို ပူးပေါင်းတိုက်ဖျက်ခြင်းဖြင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများကို နှိမ်နင်းနိုင်မည်ဖြစ်သည့်အပြင် အွန်လိုင်းလောင်းကစားနှင့် ငွေလိမ်ဂိုဏ်းများ၏ မတရားချုပ်နှောင် အသုံးချမှုကို ခံနေရသည့် နိုင်ငံပေါင်းစုံမှ လူများကိုလည်း ကယ်တင်နိုင်လိမ့်မည်ဟု ယုံကြည်သည်။ နှစ်နိုင်ငံအကြား ရှည်လျားစွာထိစပ်နေသည့် နယ်စပ်ဒေသ တစ်လျှောက် တည်ငြိမ်အေးချမ်းမှု ခိုင်မြဲစွာရရှိပါက နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ကူးသန်းရောင်းဝယ်မှုများ တိုးတက်စည်ပင်လာနိုင်မည်ဖြစ်သကဲ့သို့ မြန်မာနှင့်ထိုင်းကို ဖြတ်သန်း၍ တောင်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများကြား ကုန်သွယ်မှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့ လျင်မြန်စွာ တိုးတက်ဖြစ်ထွန်းလာနိုင်မည်ဖြစ်သည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများအဖြစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းလာနေသည့် တရုတ်နှင့် အိန္ဒိယ၊ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည့် အာဆီယံဒေသတို့တွင် အချက်အချာကျကျ တည်ရှိနေသည့် မိမိတို့နိုင်ငံမှာ ပြည်တွင်းစည်းလုံးညီညွတ်မှု အားနည်းနေခြင်း၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ ဖြစ်ပေါ်နေခြင်း၊ နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးထက် တည်ငြိမ်အေးချမ်းရေးကိုသာ မဖြစ်မနေဆောင်ရွက်နေရခြင်းတို့ကြောင့် ကြီးပွားတိုးတက်သင့်ပါလျက် မကြီးပွား၊ မတိုးတက်နိုင် ဖြစ်နေရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်မလုပ်နိုင်ဘဲ နိုင်ငံ၏ အရင်းအမြစ်များမှာ ပဋိပက္ခများအကြားတွင် လုံးပါးပါး ဆုံးရှုံးနေရသည်ကို သတိပြု၍ သင်ခန်းစာယူကာ၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုတို့ကို တည်ဆောက်၍ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံတို့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်ပါစေကြောင်း။ ။

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ဦးကျော်စိုးမင်း အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်စိုးမင်း အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## ရန်ကုန် - ဒလ တံတားစီမံကိန်းကြောင့် ဒလတွင် အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်ဖြစ်နေ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန် - ဒလ တံတားစီမံကိန်းကြောင့် ဒလမြို့နယ်တွင် အိမ်ခြံမြေဈေးကွက်သည် အမြင့်ဈေးဖြင့် အရောင်းဖြစ်နေကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများထံမှ သိရသည်။

**ရောင်းအားနှင့်ဝယ်အား မြင့်တက်နေ**

ကိုရီးယား - မြန်မာ ချစ်ကြည်ရေးတံတား စီမံကိန်းတစ်ခုဖြစ်သည့် ရန်ကုန်-ဒလတံတား စီမံကိန်းသည် လက်ရှိတွင် ထက်ဝက်ကျော် ပြီးစီးနေပြီဖြစ်ကာ အဆိုပါ စီမံကိန်းရလဒ်ကြောင့် ဒလရှိ အိမ်ခြံမြေဈေးကွက်များမှာ သိန်းသောင်းနှင့်ချီ၍ ရောင်းအားနှင့် ဝယ်အား မြင့်တက်နေကြောင်း အိမ်ခြံမြေအကျိုးဆောင် အသိုင်းအဝိုင်းများက ဆိုကြသည်။

"ဒလမှာ အိမ်ခြံမြေဈေးကွက်ကတော့ ဝယ်သူများတယ်။ ဈေးကလည်း အဆမတန်ကို မြင့်တက်နေတာ။ ဒလတံတားစီမံကိန်း အမြန်ပြီးစီးနေတဲ့ အခြေအနေတွေလည်း ပါတာပေါ့။ ဈေးက သိန်းတစ်သောင်း၊ နှစ်သောင်းဝန်းကျင်လောက်နဲ့ကို အရောင်းအဝယ်ဖြစ်နေတယ်။ ပြီးတော့ လမ်းတွေဘာတွေလည်း ခင်းလိုက်တော့ လမ်းမဘက်ခြမ်းကပိုပြီး အရောင်းအဝယ်ဖြစ်နေတာပေါ့" ဟု ဒလမြို့ရှိ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းတစ်ခုမှ တာဝန်ရှိသူက ဆိုသည်။

ဒလရှိမြေကွက်များသည် တစ်လထက်တစ်လ ဈေးနှုန်းမြင့်တက်နေခြင်းဖြစ်ပြီး ယခင်က ငွေကျပ်သိန်း ၈၀၀ ရှိသည့် မြေကွက်များမှာ လက်ရှိတွင် ငွေကျပ်သိန်း ၁၀၀၀၀ အထိ ဈေးပေါက်နေကြောင်း မြို့ခံများက ဆိုကြသည်။ ရန်ကုန် - ဒလ တံတားတည်ဆောက်မှုစီမံကိန်းကို ၂၀၂၄ ခုနှစ် အပြီးတည်ဆောက်ရန် လျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းပေးနိုင်**

အဆိုပါတံတားပြီးစီးသွားပါက ရန်ကုန်မြို့မှတစ်ဆင့် ဒလ၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

**သစ်တော်**

## နတ်တလင်းမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**နတ်တလင်း ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက နတ်တလင်းမြို့ အ.မ.က သဲကုန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ထားထားဦးက စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗဟုသုတများ ဖတ်ရှုလေ့လာရေးတို့ကို ဆွေးနွေးဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိစေမည့် ရုပ်ပုံပါစာအုပ်ဖြင့် ပုံပြောပြခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်စေခြင်းတို့ ဆောင်ရွက်သည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## ရန်ကုန်ပညာရေးတက္ကသိုလ်၌ ပညာရေးဘွဲ့ ပထမနှစ်သင်တန်းမှ ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ်ပညာရေးဘွဲ့ ပထမနှစ်သင်တန်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ တက်ရောက်လာကြသည့်သစ်လွင် ကျောင်းသား ကျောင်းသူများ ကြိုဆိုပွဲအခမ်းအနားကို ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ယနေ့နံနက် ၉ နာရီ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန် ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ သင်တန်းရေးရာ၊ စာပေးစာယူဌာန ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ မော်ကွန်းထိန်း၊ အဆောင်မှူးများနှင့် သစ်လွင်ကျောင်းသား ကျောင်းသူ ၄၅၁ ဦး တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်ပညာရေးတက္ကသိုလ် စတုတ္ထနှစ် (ပထမနှစ်ဝက်)မှ ကျောင်းသား ကျောင်းသူများက ရန်ကုန်ပညာရေးတက္ကသိုလ်၏ ကျောင်းသီချင်းဖြစ်သော "အမိဝမ်းမြောက်ပါစေ" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

အခမ်းအနားတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကေသွယ်လှိုင်က ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာဆည်းပူးရခြင်းဖြင့် ဆရာအတတ်ပညာများနှင့် အဓိကဘာသာရပ်ကြီးများ ပူးပေါင်းထားသော ခေတ်မီသင်ရိုးများကို သင်ယူရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ခေတ်မီပေါင်းစပ်ပညာရေးကို သင်ယူနိုင်ခြင်းအားဖြင့် မဝေးသောအနာဂတ်တွင် သင်ကြား၊ သင်ယူမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် အရည်အသွေးရှိသော ဆရာ ဆရာမများ အမှန်တကယ်ဖြစ်လာတော့မည်ဖြစ်ပါကြောင်း ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။



ထို့နောက် ဒုတိယပါမောက္ခချုပ်များက သစ်လွင်ကျောင်းသား ကျောင်းသူများကို ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဆုံးမစကားများ ပြောကြားကြပြီး ဌာနမှူး (သင်တန်းရေးရာ)က သင်တန်းရေးရာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား၍ မော်ကွန်းထိန်းက ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ သင်တန်းရေးရာ၊ စာပေးစာယူဌာနတို့မှ ဌာနမှူးများ၊ အဆောင်မှူးများနှင့် မိတ်ဆက်ပေးကာ ပညာရေးဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ်တို့မှ ပါမောက္ခ(ဌာနမှူး)များက ဘာသာရပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြ ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ Air Chief Marshal Chakorn Tawanjang နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့်နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ လုံခြုံချောမွေ့ အဆင်ပြေစေရေး အတွက် နှစ်နိုင်ငံအကြား နိုင်ငံရေး အရ၊ တပ်မတော်နှစ်ရပ်အကြား လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက် ဖလှယ်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေး လိမ်လည်မှုများ တိုက်ဖျက်ရေးတို့တွင် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အထူးသဖြင့် နှစ်နိုင်ငံ နယ်စပ်မြဝတီမြို့အနီး၌ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေး လိမ်လည်မှုများ လုပ်ဆောင်လျက်ရှိကြောင်း စုံစမ်းသိရှိရသည့်အတွက် နှစ်နိုင်ငံ ပူးပေါင်းတိုက်ဖျက် ဆောင်ရွက်သွားရမည့် အခြေအနေများ၊ လူသားချင်းစာနာ ထောက်ထားမှုနှင့် အကူအညီပေး ရေးဆိုင်ရာများတွင် ပူးပေါင်း

**❖ နှစ်နိုင်ငံနယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများ တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အထူးသဖြင့် နှစ်နိုင်ငံ နယ်စပ်မြဝတီမြို့အနီး၌ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိကြောင်း စုံစမ်းသိရှိရသည့်အတွက် နှစ်နိုင်ငံ ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရမည့် အခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှုနှင့် အကူအညီပေးရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြားသာမက နှစ်နိုင်ငံ ဝန်ကြီးဌာနများ အချင်းချင်းလည်း တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာ - လာအို - ထိုင်း သုံးနိုင်ငံ နယ်စပ်ဒေသများ၌ တောမီးလောင်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ ပူးပေါင်းကာကွယ် တားဆီးရေးဆိုင်ရာများ အမြင်ချင်းဖလှယ်ဆွေးနွေး**

ဆောင်ရွက်မှုများကို နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား သာမက နှစ်နိုင်ငံ ဝန်ကြီးဌာနများ အချင်းချင်းလည်း တိုးမြှင့်ဆောင် ရွက်သွားမည့် အခြေအနေများ၊ မြန်မာ – လာအို – ထိုင်း သုံးနိုင်ငံ နယ်စပ်ဒေသများ၌ တောမီး လောင်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ ပူးပေါင်းကာကွယ် တားဆီးရေး ဆိုင်ရာများ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော် နှစ်ရပ်အကြား နယ်ပယ်ကဏ္ဍ ပေါင်းစုံတွင် ပူးပေါင်း ဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေ များနှင့် ပတ်သက်၍ ခင်မင် ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေး နွေးခဲ့ကြကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြန်မာနိုင်ငံကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းက ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးကျေးဇူးတော်ချီးမွမ်းပွဲ တက်ရောက်

**မြစ်ကြီးနား ဇန်နဝါရီ ၁၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့ နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်း မဂ္ဂယ်ခန်းမ၌ မြန်မာနိုင်ငံ ကချင်လူမျိုး ရိုးရာ ယဉ်ကျေးမှုအသင်းက ကြီးမှူး ကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်သစ် ကူး ကျေးဇူးတော် ချီးမွမ်းပွဲသို့ တက်ရောက်သည်။(ယာပုံ)

အဆိုပါကျေးဇူးတော်ချီးမွမ်းပွဲ သို့ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ခဲ့ကြရာ ကချင်လူမျိုး ရိုးရာယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြပြီး ကျေးဇူးတော် ချီးမွမ်းပွဲတွင် ကက်သလစ်အသင်း တော်မှ ဆရာတော်များ၊ နှစ်ခြင်း ခရစ်ယာန် အသင်းတော်များမှ သိက္ခာတော်ရဆရာများက အဖွင့် ကျမ်းစာဖတ်၍ ဆုတောင်းခြင်း၊ ဓမ္မတေးသီချင်း သီဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မိမိတို့အနေဖြင့် ယခု ၂၀၂၄ ခုနှစ် နှစ်သစ်ကို ကျန်းမာပျော်ရွှင်စွာ၊ ချစ်ခြင်းမေတ္တာနှင့်အတူ ငြိမ်းချမ်း စွာဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ မိမိတို့ ပြည်နယ်၊ မိမိတို့နိုင်ငံ တိုးတက်စေရေး တိုင်းရင်းသား အားလုံးက ချစ်ခင်ရင်းနှီးစွာ အတူ တကွ လက်တွဲဆောင်ရွက်သွားရ မည်ဖြစ်ကြောင်း၊ ထို့အတူ ဂိုဏ်း ပေါင်းစုံ ခရစ်ယာန်အသင်းတော်မှ





ဆရာတော်များ အနေဖြင့်လည်း ၂၀၂၄ ခုနှစ် နှစ်သစ်ကို ငြိမ်းချမ်းစွာ ဖြတ်သန်းနိုင်ရေး ဆုတောင်း မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြ စေလိုကြောင်း နှုတ်ခွန်းဆက် စကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မိမိတို့ အားလုံး စည်းလုံးညီညွတ်မှုဖြင့် အတူတကွ ပူးပေါင်းပါဝင်ကြရေး တိုက်တွန်းမှာကြားပြီး သိက္ခာ တော်ရဆရာတော်က ဓမ္မဒေသနာ တော်ဟောကြားခြင်း၊ ဓမ္မတေး သီချင်းများ သီဆိုဆက်ကပ်ခြင်း နှင့် ဆုတောင်းမေတ္တာပို့ ကောင်းချီးပေး ဆုတောင်းခြင်း တို့ကို ဆောင်ရွက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် သည် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနား မြို့ စီတာပူရပ်ကွက်အတွင်းရှိ Grace Happy Land မိဘမဲ့ ကလေးပြုစု စောင့်ရှောက်ရေး ကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်နှင့် ကလေးငယ်များ အား ရင်းနှီးနွေးထွေးစွာတွေ့ဆုံပြီး ၂၀၂၄ ခုနှစ် နှစ်သစ်တွင် ငြိမ်းချမ်း ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြပါစေ ကြောင်း၊ ကလေးများအနေဖြင့် ပညာတတ်များ ဖြစ်အောင် သင်ကြားပြီး မိမိတို့နိုင်ငံ၊ မိမိတို့ ပြည်နယ်၊ မိမိတို့ရပ်/ရွာအကျိုးပြု သော လူတော်၊ လူကောင်းများ ဖြစ်လာစေရန် ကြိုးစားကြရန်လို ကြောင်း အားပေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးတို့က ကျောင်းအတွက် ထောက်ပံ့ ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ ပေးအပ်ရာ(ဝဲပုံ) ကျောင်းအုပ်က ကျေးဇူးတင်စကား ပြန်လည်ပြော ကြားပြီး ကျောင်းသားကလေးများ က တေးသီချင်းများဖြင့် သီဆို ဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ကလေးများ ကို မုန့်များ ဝေငှကျွေးမွေးကြ သည်။

ထို့အတူ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနား မြို့ အေးမြသာယာရပ်ကွက် အတွင်း မျက်မမြင်သင်တန်း ကျောင်းသို့လည်း သွားရောက်ပြီး နှုတ်ဆက်အားပေး စကားပြော ကြားကာ မျက်မမြင်ကျောင်းအုပ် ကြီးထံ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# ညောင်ဦးမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်း

**ညောင်ဦး ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲကို ညောင်ဦးမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ယနေ့နံနက်ပိုင်း က သင်တန်းဖွင့်ပွဲ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း က သင်တန်းသားများအား ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်း လက်မှတ်များပေးအပ်ပြီး ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ခင်းကျင်း ပြသထားမှုများကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါ သင်တန်းကို ၁၂ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားခဲ့ပြီး ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများ၊ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်း မြို့နယ်များမှ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြောင်း သိရသည်။ **ဒီပါလင်း**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် ဇန်နဝါရီ ၁၂**

"၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ဒေါက်တာ ဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ အသင်းလိုက်ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။**(အပေါ်ယာပုံ)**

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက (၅၂) ကီလိုတန်းအောက် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဇင်မင်းထက်၊ ဦးမျိုးလှိုင်၊ ဒေါက်တာ မျိုးသန့်၊ ဦးမြင့်စိုးနှင့် ဦးအောင်ကျော်ထွန်းတို့က (၆၆) ကီလိုတန်းအောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ (၅၇) ကီလိုတန်းအောက် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ (၇၃) ကီလိုတန်းအောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကို လည်းကောင်း၊ (၆၃) ကီလိုတန်းအောက် အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်း ကောင်း၊ (၇၃) ကီလိုတန်းအထက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိ ကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် Jeng Phang နော်တောင်နှင့် ဦးမင်းသိန်းဇံတို့က (၆၃) ကီလိုတန်း အထက် အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိ ကြသူများကို လည်းကောင်း၊ အမျိုးသမီး "ခတ" ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိ ကြသူများကိုလည်းကောင်း ဂုဏ်ပြု ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က အမျိုးသား "ခတ" ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိ ကြသူများကို လည်းကောင်း၊ အမျိုးသား/အမျိုးသမီး အသင်း လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ နှင့် တတိယဆုရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ် နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က အမျိုးသမီးအကောင်း ဆုံး အားကစားသမားဆုနှင့် အမျိုးသားအကောင်းဆုံး အားကစား သမားဆုရရှိကြသူများကို ဂုဏ်ပြု ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီ မံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသမီး တံခွန်စိုက်ဆုဖလားနှင့် အမျိုးသား တံခွန်စိုက် ဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းကို တံခွန် စိုက်ဆုဖလား ပေးအပ်ချီးမြှင့် သည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက စုပေါင်း တံခွန်စိုက် ဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းကို တံခွန် စိုက်ဆုဖလား ပေးအပ်သည်။

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ် နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို မျိုးဆက်သစ် အားကစားသမား များ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂျူဒိုအားကစား အဆင့် အတန်း တိုးတက်မြင့်မားလာစေ ရန် ရည်ရွယ်၍ အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း အားကစားသမားအင်အား စုစုပေါင်း ၂၆၆ ဦးဖြင့် ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းကို တံခွန်စိုက် ဆုဖလား ပေးအပ်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ အမျိုးသား တံခွန်စိုက် ဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းကို တံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



## ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြင်ဦးလွင်ခရိုင်အတွင်း အသေးစား စက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနမှ လုပ်ငန်းမှတ်ပုံတင်ပြုလုပ်ပေးမှု လျာထားချက်ထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့



**ပြင်ဦးလွင် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အသေးစား စက်မှု၊ လက်မှု လုပ်ငန်းဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြင်ဦးလွင်ခရိုင် အတွင်း လုပ်ငန်းမှတ်ပုံတင်အခု ၅၀ ဆောင်ရွက်ပေးရန် လျာထားခဲ့သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကုန်အထိ လျာထားချက်ထက် ကျော်လွန်ကာ လုပ်ငန်းမှတ်ပုံတင် ၈၆ ခု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြင်ဦးလွင်ခရိုင် အသေးစား စက်မှု၊ လက်မှု လုပ်ငန်းဦးစီးဌာနမှ သိရသည်။

**လုပ်ငန်းမှတ်ပုံတင် ပြုလုပ်ပေး**

ပြင်ဦးလွင်မြို့တွင် အများအားဖြင့် စားသောက်ရေးလုပ်ငန်း၊ ဝတ်ဆင်ရေးလုပ်ငန်း၊ နေထိုင်ရေး လုပ်ငန်း၊ လူသုံးပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ စာပေပုံနှိပ်လုပ်ငန်း၊ ကုန်ကြမ်းပစ္စည်း လုပ်ငန်း၊ ဓာတ်သတ္တုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စက်ပစ္စည်း လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်း၊ အထွေထွေ လက်မှုလုပ်ငန်းများ လာရောက် လုပ်ဆောင်ကြပြီး ထိုသို့ လုပ်ငန်းမှတ်ပုံတင်ခြင်းများ ပြုလုပ်ပေးရာတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်း များ ဆောင်ရွက်ပြီးမှသာ လုပ်ငန်း မှတ်ပုံတင်ပြုလုပ်ပေးခြင်း ဖြစ် သည်။

**ဈေးကွက်ပိုမိုကျယ်ပြန့်လာ**

အဆိုပါ မှတ်ပုံတင်သက်တမ်းသည် နှစ်နှစ်ဖြစ်ပြီး လုပ်ငန်းရှင် များအနေဖြင့် ၎င်းတို့၏ထုတ်ကုန် ပစ္စည်းများကို သမားရိုးကျ ရောင်းချခြင်းထက် လုပ်ငန်း မှတ်ပုံတင်ခြင်း ဆောင်ရွက်ပြီး ရောင်းချပါက စားသုံးသူများ၏ ယုံကြည်မှုကို ပိုမိုရရှိလာနိုင်သည့် အပြင် ပြည်တွင်းပြည်ပဈေးရောင်း ပွဲတော်များတွင်လည်း ပါဝင်ခွင့် ရရှိနိုင်သောကြောင့် ဈေးကွက်ပိုမို ကျယ်ပြန့်လာနိုင်ကြောင်း တာဝန် ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဖြူလူသစ်
(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇန်နဝါရီ ၁၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပန်းတနော် မြို့နယ် ချောင်းကလေးကျေးရွာ အုပ်စု အိုးဘို-ချောင်းကလေးလမ်း ပေါ်ရှိ ကျုံပတောတံတား တည် ဆောက်ခြင်းလုပ်ငန်း (ပထမပိုင်း) A1 bore pile ငါးလုံး၊ A2 bore pile ငါးလုံး ဆောင်ရွက်ပြီးစီးမှုနှင့် P1 bore pile တူးရန် ဆက်လက် ဆောင်ရွက်မည့် အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိ သူများက လုပ်ငန်းများဆောင် ရွက်နေမှု အခြေအနေကို ရှင်းလင်း တင်ပြကြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က လုပ်ငန်းများ အရည်အသွေးပြည့်မီ စေရေးနှင့်သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် သည် ကျုံတုန်းကြီးကျေးရွာအုပ်စု ဇီးဖြူစုကျေးရွာ ရန်ကုန်-ပုသိမ် ကားလမ်းဘေး ကျုံတုန်းကြီးကွင်း ကွင်းအမှတ် ၅၃၄ (က) ရှိ ဆင်း ရွှေကြာ ၂၊ နေကြာစံပြ ၁၀ ဧက စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှု ကို သွားရောက်ကြည့်ရှု အားပေး ပြီး(ယာပုံ) နေကြာစိုက်တောင်သူ များနှင့် တွေ့ဆုံ၍ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးခြင်းဖြင့် ရရှိလာ မည့်အကျိုးကျေးဇူးများကို ရှင်း လင်းဆွေးနွေးကာ အောင်မြင် အောင်ဆောင်ရွက်ကြရန် တိုက် တွန်း မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

ဓာတ်ပုံ-ငြိမ်းဝေဖြိုး



# အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် (၂၀၄၅) အား အကောင်အထည်ဖော်ဆောင်မည့် မဟာဗျူဟာအစီအစဉ်များရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ အာဆီယံအသိုက်အဝန်းမဏ္ဍိုင် (၃) ရပ်၏ ဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

အာဆီယံအသိုက်အဝန်း မျှော်မှန်း ချက်(၂၀၄၅)အား အကောင် အထည်ဖော်ဆောင်မည့် မဟာ ဗျူဟာအစီအစဉ်များရေးဆွဲခြင်း နှင့် စပ်လျဉ်း၍ အာဆီယံ အသိုက်အဝန်းမဏ္ဍိုင် (၃)ရပ်၏ ဝန်ကြီးဌာနများအကြား ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်း က နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးကို မြန်မာနိုင်ငံ ၏ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေး ဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်က ဦးဆောင် ပြုလုပ်ပြီး သက်ဆိုင်ရာဝန်ကြီး ဌာနများမှ ညွှန်ကြားရေးမှူးချုပ် များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေး၌ ဒုတိယ ဝန်ကြီးက အာဆီယံအသိုက် အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၁၀) ကြိမ်မြောက် အစည်းအဝေး၌ အာဆီယံအသိုက် အဝန်းမျှော်မှန်းချက် (၂၀၄၅) အား "တက်ကြွ၍ ကြံ့ခိုင်မှုရှိသော ပြည်သူဗဟိုပြု အာဆီယံ" ဆောင်ပုဒ်ဖြင့် အပြီးသတ်ရေးဆွဲ ခဲ့ခြင်းအပါအဝင် အဆိုပါ မျှော်မှန်း ချက် အကောင်အထည်ဖော် ဆောင်မည့် နိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်း မဟာဗျူဟာအစီ အစဉ်၏ ဖြစ်ပေါ်တိုးတက်မှု၊ မဟာဗျူဟာအစီအစဉ် ရေးဆွဲမှု ပုံစံနှင့် ရှေ့ဆက်ဆောင်ရွက်မည့် နည်းလမ်းများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် လူမှု -ယဉ်ကျေးမှုအသိုက်အဝန်းကဲ့သို့ အခြားသက်ဆိုင်ရာ အာဆီယံ မဏ္ဍိုင်များအနေဖြင့်လည်း မဟာ ဗျူဟာအစီအစဉ်များ ရေးဆွဲရာ တွင် မဏ္ဍိုင်အသီးသီးအောက်ရှိ သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့ အစည်းများနှင့် နီးကပ်စွာ ညှိနှိုင်း ဆောင်ရွက်ရန် ဒုတိယဝန်ကြီးက တိုက်တွန်းပြောကြားသည်။

**အကြံပြုချက်များပေးပို့**

ထို့ပြင် ဒုတိယဝန်ကြီးသည် အာဆီယံ နိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်းဆိုင်ရာ မဟာ ဗျူဟာအစီအစဉ် မူကြမ်း၏ အဆိုပြု လုပ်ငန်းအစီအစဉ်များ အပေါ် ၎င်း၏သဘောထား အမြင် များကို မျှဝေဆွေးနွေးခဲ့ပြီး လုပ်ငန်းအစီအစဉ် မူကြမ်းများ အပေါ် နိုင်ငံ၏ အမျိုးသားအကျိုး စီးပွားရှုထောင့်အရ သဘောထား အကြံပြုချက်များ ပေးပို့သွားရန် အရေးကြီးကြောင်းကို အလေး ထား ပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက် အဝန်း မဟာဗျူဟာ အစီအစဉ်၏ မဟာဗျူဟာ ရည်မှန်းချက်များ အောက်ရှိ အဆိုပြုလုပ်ငန်းအစီ အစဉ်များနှင့်ပတ်သက်၍ တက် ရောက်လာသည့် ကိုယ်စားလှယ် များအကြား အသေးစိတ် ညှိနှိုင်း ဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏ အတွေးအမြင်များကို ပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ အလားတူ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် လူမှု-ယဉ်ကျေး မှုအသိုက်အဝန်းတို့မှ ကိုယ်စား လှယ်များက အာဆီယံအသိုက် အဝန်း မျှော်မှန်းချက်(၂၀၄၅)၏ သက်ဆိုင်ရာ မဏ္ဍိုင်အလိုက် မဟာဗျူဟာ အစီအစဉ်များ ရေးဆွဲထားရှိခြင်းဆိုင်ရာ လက်ရှိ ကာလအထိ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြ သည်။

**သတင်းစဉ်**

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများ ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၂**

အကြမ်းဖက်သောင်းကျန်းသူများ က ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓ ဆင်းတုတော်များအား ဖျက်ဆီး စော်ကားမှုအား ကန့်ကွက်ရှုတ်ချ ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေရှိ မြို့တော်ခန်းမရှေ့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ ဘုရား စေတီရင်ပြင်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ မြို့ ခရိုင်အားကစားကွင်း၌ လည်းကောင်း၊ ကျောက်ဆည်မြို့ ရွှေသိမ်တော်ဘုရားဝင်းအတွင်း၌ လည်းကောင်း၊ ကျောက်ပန်း တောင်းမြို့ မြို့နယ်အားကစား ကွင်း၌လည်းကောင်း၊ မကွေးတိုင်း ဒေသကြီး မကွေးမြို့ ကန်သာ ရပ်ကွက် ကန်သာကန်၌လည်း ကောင်း ကျင်းပပြုလုပ်ကြရာ သတ်မှတ်နေရာ အသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော် များနှင့် မျိုးချစ်ပြည်သူ့ဦးဆောင်သူ များက ဗုဒ္ဓဘာသာအပေါ်ဖျက်ဆီး ရန် လုပ်ဆောင်နေမှုများကို ကန့် ကွက်ကြောင်း ဟောပြောသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချ ပွဲသို့ တက်ရောက်လာကြသူများ က "သာသနာကိုဖျက်ဆီးနေသော အကြမ်းဖက် သူပုန်များအား ရှင်းလင်းရေး (ဒို့အရေး)၊ ဗုဒ္ဓ သာသနာအား အကြမ်းဖက် ဖျက်ဆီးနေသော သူပုန်များ(ကျရှုံး ပါစေ)၊ လူသတ်အကြမ်းဖက်သူပုန် မှန်သမျှ (ဆန့်ကျင်ကြ)၊ ဗုဒ္ဓ သာသနာကို အကြမ်းဖက်ဖျက်ဆီး နေသော လူသတ်မိစ္ဆာသူပုန်များ အား ရှင်းလင်းရေး (ဒို့အရေး)၊ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများ ကိုးကွယ် ယုံကြည်သည့် ဘုရား၊ စေတီ၊ ဆင်းတုတော်များအား ဖျက်ဆီး သူ(ဒို့ရန်သူ)၊ ဘုရား၊ စေတီ၊ ဆင်းတုတော်များကို ဖျက်ဆီးနေ သော ပြည်ဖျက်မိစ္ဆာသောင်းကျန်း သူများ (ကျရှုံးပါစေ)၊ ဗုဒ္ဓဘာသာ ဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီများအား စော်ကား ဖျက်ဆီးသူ(ဒို့ရန်သူ)၊ ဒို့ဘာသာ၊ ဒို့သာသနာ၊ ဒို့ယဉ်ကျေးမှု ဖျက်ဆီး စော်ကားသူများအား (ဆန့်ကျင် ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား (အလို မရှိ)၊ သာသနာဖျက်အကြမ်းဖက် သမားများ (အလိုမရှိ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ် များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသည်။



ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဖျက်ဆီးမှုအပေါ် ကန့်ကွက်ရှုတ်ချပွဲ နေပြည်တော်၌ ပြုလုပ်စဉ်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲ များသို့ သက်ဆိုင်ရာ မြို့နယ် အသီးသီးမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မျိုးချစ်ပြည်သူများ တစ်ခဲနက် တက်ရောက် ကန့်ကွက်ရှုတ်ချခဲ့ ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူငယ်များ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့...

လင်းဥာဏ် (MISIS)

နေ့စဉ်နှင့်အမျှ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည့် မျက်မှောက်ခေတ်ကမ္ဘာတွင် ရှင်သန်ရပ်တည်နိုင်ရန်နှင့် မိမိတစ်ဦးချင်းစီ၊ အစုအဖွဲ့နှင့် နိုင်ငံအတွက် အကျိုးစီးပွားများကို မြှင့်တင်နိုင်ရန်တို့အတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း (Capacity Building) သည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**လူသားမျိုးနွယ်စုတစ်ရပ်လုံးအပေါ် အကျိုးသက်ရောက်မှု ရှိလာနိုင်**

ရာစုနှစ်တစ်ခုအတွင်း ကြုံတောင့်ကြုံခဲဖြစ်သော ဖြစ်စဉ်များသည် ကမ္ဘာတစ်ဝန်း ပေါ်ပေါက်နေသည်။ အင်အားကြီးနိုင်ငံကြီးများအကြား အကျိုးအမြတ်အတွက် အကြီးအကျယ် ပြိုင်ဆိုင်မှုများ၊ ကမ္ဘာ့နိုင်ငံအများအပြားတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ၊ ရှားပါးကပ်ရောဂါဆိုးကြီးကြောင့် ထိခိုက်ဆုံးရှုံးမှုများနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ အန္တရာယ်များ၏ ခြိမ်းခြောက်မှုများသည် လူသားမျိုးနွယ်စုတစ်ရပ်လုံး၏ အနာဂတ်အပေါ် အကျိုးသက်ရောက်မှု ရှိလာနိုင်မည်ဖြစ်သည်။

ဤစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ပြည်သူတစ်ဦးချင်းစီ၏ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ရင်းနှီးမြှုပ်နှံမှုများ ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းမှုတို့ကို မြှင့်တင်ပေးရန် လိုအပ်သည်။ ထို့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အချင်းချင်း ဆက်သွယ်ဆောင်ရွက်ရေးအပိုင်းတို့တွင် စွမ်းဆောင်ရည်တည်ဆောက်မြှင့်တင်ရန် လိုအပ်လှပေသည်။

**စဉ်ဆက်မပြတ် လေ့လာသင့်**

စွမ်းဆောင်ရည်တည်ဆောက်ခြင်းအတွက် မရှိမဖြစ်အရေးကြီးသည့် အချက်သည် အပေါ်ယံပြောင်းလဲခြင်းထက် အတွင်းသဏ္ဍာန်ပြောင်းလဲခြင်းဖြစ်သော စိတ်ထားနှင့် ခံယူချက်များ ပြောင်းလဲရေးပင်ဖြစ်သည်။ အနာဂတ်မျိုးဆက်သစ်များဖြစ်ကြသော ကျောင်းသားအရွယ် လူငယ်များမှစ၍ စွမ်းဆောင်ရည်တည်ဆောက်ခြင်းဖြင့် အရည်အသွေး ပြည့်ဝသော လူငယ်များဖြစ်လာမည်ဖြစ်သည်။ ယနေ့ခေတ်သည် နိုင်ငံများအကြား အပြန်အလှန် အမှီသဟဲပြုခြင်းအပေါ် မှီတည်နေရခြင်းဖြစ်ရာ မြန်မာလူငယ်များအနေဖြင့် အိမ်နီးချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝ ဖြစ်ပေါ်တိုးတက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် လေ့လာသင့်ပေသည်။

**ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့**

မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒကို လိုက်နာ၍ လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် မိတ်ဖက်ဆက်ဆံရေးကို ထိန်းသိမ်းလျက်ရှိသည်။ လူငယ်များ စွမ်းဆောင်ရည်တည်ဆောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် မဲခေါင်ဒေသ လေ့လာရေးဆိုင်ရာ ကမ္ဘာ့စင်တာ (Global Center for Mekong Studies–GCMS) ၏ China Institute of International Studies (CIIS) တို့ ပူးပေါင်း၍ မြန်မာလူငယ်များအတွက် စွမ်းရည်တည်ဆောက်မှုသင်တန်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

ဖော်ပြပါသင်တန်းတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာန၊ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့မှ နိုင်ငံတကာလေ့လာရေးဘာသာရပ်ဖြင့် ဘွဲ့ရရှိပြီးသူများ၊ ဂုဏ်ထူးတန်းတက်ရောက်နေကြသူများ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး ကမ္ဘာ့လုံခြုံရေးဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု (Global Security Initiative–GSI)၊ ကမ္ဘာ့ယဉ်ကျေးမှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု (Global Civilization Initiative–GCI)၊ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု (Global Development Initiative–GDI)၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူငါးရပ် (Five Principle of Peaceful Co–existence)၊ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong–Lancang Cooperation–MLC) တို့နှင့် စပ်လျဉ်း၍ လေ့လာဆွေးနွေးခဲ့ကြသည်။



မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် မဲခေါင်ဒေသ လေ့လာရေးဆိုင်ရာ ကမ္ဘာ့စင်တာတို့ ပူးပေါင်း၍ မြန်မာလူငယ်များအတွက် စွမ်းရည်တည်ဆောက်မှုသင်တန်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး၌ ကျင်းပရာ သင်တန်းသို့ တက်ရောက်သူများအား တွေ့ရစဉ်။

*** GCMS ၏ ပထမဆုံး အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် မတ်လတွင် ပေကျင်းမြို့၌ ကျင်းပခဲ့ပြီး GCMS မြန်မာစင်တာ အပါအဝင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်**

ထိုသို့ဆွေးနွေးရာတွင် သက်ဆိုင်ရာဘာသာရပ်များ၏ မျက်မှောက်ခေတ်နှင့် ဆီလျော်မှု၊ မဲခေါင်ဒေသအတွင်း လူ့အသိုက်အဝန်းများ၏ သဟဇာတဖြစ်မှု၊ မဲခေါင်ဒေသအတွင်း အာဆီယံနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ လုံခြုံရေးမူဝါဒတွင် ထည့်သွင်းစဉ်းစားရမည့်စိန်ခေါ်မှုများ စသည်တို့ကို သုတေသီများနှင့် ကျောင်းသားကျောင်းသူများက ဆွေးနွေးတင်ပြခဲ့ပါသည်။

**ကမ္ဘာ့စင်တာများကို အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံတွင် တည်ထောင်ခဲ့ပြီးဖြစ်**

မဲခေါင်ဒေသလေ့လာရေးဆိုင်ရာကမ္ဘာ့စင်တာ (GCMS) ကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ပထမဆုံး ဖွင့်လှစ်ခဲ့သည်။ မဲခေါင်–လန်ချန်းဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအောက်တွင် စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ပူးတွဲသုတေသနလုပ်ငန်းများနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ ဆောင်ရွက်ရန်အတွက် မဲခေါင်ဒေသ လေ့လာရေးဆိုင်ရာ ကမ္ဘာ့စင်တာများကို အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံတွင် တည်ထောင်ခဲ့ပြီးဖြစ်သည်။

GCMS တွင် think–tank အဖွဲ့အစည်းများဖြစ်သော တရုတ်နိုင်ငံ၏ China Institute for International Studies (CIIS)၊ ကမ္ဘောဒီးယားနိုင်ငံ၏ Cambodian Institute for Cooperation and Peace (CICP)၊ ဗီယက်နမ်နိုင်ငံ၏ Diplomatic Academy of Vietnam (DAV)၊ လာအိုနိုင်ငံ၏ Laos Institute of Foreign Affairs (IFA)၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး (Myanmar Institute of Strategic and International Studies–MISIS) နှင့် ထိုင်းနိုင်ငံ၏ Devawongse Varopakarn Institute of Foreign Affairs (DVIFA) တို့ပါဝင်သည်။

GCMS သည် ဒုတိယအကြိမ် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ တရုတ်နိုင်ငံမှ အဆိုပြုခဲ့သော အဆိုပြုချက် ၁၃ ခုအနက် တစ်ခု အပါအဝင်ဖြစ်သည်။ GCMS ၏ ပထမဆုံး အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် မတ်လတွင် ပေကျင်းမြို့၌ ကျင်းပခဲ့ပြီး GCMS မြန်မာစင်တာ အပါအဝင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ယနေ့ကမ္ဘာကြီးနှင့် ဒေသတွင်းဆိုင်ရာ လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများ၊ ဖွံ့ဖြိုးရေးတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ စသည့်ဘာသာရပ်များကို အများပြည်သူများသို့ မျှဝေနိုင်ရန် တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုကျင်းပပြုလုပ်နိုင်ခဲ့သည့် စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းသည် အနာဂတ်မျိုးဆက်သစ်များကို အတွေ့အကြုံများ တိုးတက်ရရှိလာစေရန် အားထုတ်မှုတစ်ရပ်ဖြစ်သည်။ ။

**စွမ်းဆောင်ရည်တည်ဆောက်ခြင်းအတွက် မရှိမဖြစ်အရေးကြီးသည့် အချက်သည် အပေါ်ယံပြောင်းလဲခြင်းထက် အတွင်းသဏ္ဍာန်ပြောင်းလဲခြင်းဖြစ်သော စိတ်ထားနှင့် ခံယူချက်များ ပြောင်းလဲရေးပင်ဖြစ်သည်။ အနာဂတ်မျိုးဆက်သစ်များဖြစ်ကြသော ကျောင်းသားအရွယ် လူငယ်များမှစ၍ စွမ်းဆောင်ရည်တည်ဆောက်ခြင်းဖြင့် အရည်အသွေးပြည့်ဝသော လူငယ်များဖြစ်လာမည်ဖြစ်သည်။ ယနေ့ခေတ်သည် နိုင်ငံများအကြား အပြန်အလှန် အမှီသဟဲပြုခြင်းအပေါ် မှီတည်နေရခြင်းဖြစ်ရာ မြန်မာလူငယ်များအနေဖြင့် အိမ်နီးချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝဖြစ်ပေါ်တိုးတက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်လေ့လာသင့်**

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။




**စည်းလုံးခြင်းသည်အင်အား**
**ပြည်ထောင်စု၏ စွမ်းပကား။**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၂

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Alounkeo Kittikhoun နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော တည်ဆဲနိုင်ငံရေးပါတီများ တွေ့ဆုံပွဲများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိသတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။**



ဦးစွာ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမရှိ ညှိတွေ့ဆောင်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့ တွေ့ဆုံရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ကျင်းပမည့် ရွေးကောက်ပွဲများတွင် အချိုးကျ ကိုယ်စားပြုစနစ် ကျင့်သုံးဆောင်ရွက်မည့် အခြေအနေနှင့် နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က မေးမြန်းသည့် သိရှိလိုသည့် အချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ဖြေကြားကာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ တွေ့ဆုံခဲ့ကြပြီး ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း မေးမြန်းဆွေးနွေးခဲ့ကြသည်။ **(အောက်ဝဲပုံ)**





အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ်၊ နိုင်ငံရေးပါတီ ၄၂ ပါတီမှ ဥက္ကဋ္ဌများ၊ ပါတီခေါင်းဆောင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး နှိုးဆော်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်အတွင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၁ ရက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လှည့်လည်နှိုးဆော်သည်။ **(ယာပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးထိန်လင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရန် မီးဘေးသတိရှိရေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ မြို့နေပြည်သူများအနေဖြင့် မီးအသုံးပြုရာတွင် စနစ်တကျ အသုံးပြုမှုများနှင့် မီးဘေးလုံခြုံရေးအတွက် ရေပုံးနှင့် မီးချိတ်မီးကပ်၊ မီးသတ်ဆေးဘူးများ ထားရှိရန်၊ လှည့်လည်အသိပေး နှိုးဆော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှလှထွေး (ပြန်/ဆက်)**



## မလှိုင်မြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

**မလှိုင် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆောင်းဆီထွက်သီးနှံ (နေကြာ)စိုက်တောင်သူများအား ရန်ပုံငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစန်းယုက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မလှိုင်မြို့နယ်တွင် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်းဆီထွက်သီးနှံ(နေကြာ) ကို နိုင်ငံ့စီးပွားရေး မြှင့်တင်ရေးရန်ပုံငွေဖြင့် ရုံးတော၊ ကံကြီး၊ ဖက်ကုန်းကျေးရွာအုပ်စုရှိ ကွင်းပေါင်း ၁၄ ကွင်းတွင် နေကြာစိုက်တောင်သူ ၅၆ ဦးမှ ဧက ၁၅၀ စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၃၀၀ အား သွင်းအားစုမြေဩဇာဝယ်ယူသုံးစွဲ စိုက်ပျိုးနိုင်ရေး ထုတ်ချေးခဲ့ပြီး အခမ်းအနားတွင် တာဝန်ရှိသူများနှင့် တောင်သူ ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အကြံပြုချက်စာတမ်းဖတ်ပွဲကျင်းပ



ရန်ကုန် ဇန်နဝါရီ ၁၂

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီး တည်ဆဲနိုင်ငံရေးပါတီများ တွေ့ဆုံ၍ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အကြံပြုချက်စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ယနေ့ မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခြင်းသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အကြံပြုချက် စာတမ်းဖတ်ကြားခြင်းနှင့် ပါတီဆိုင်ရာလုပ်ငန်းကိစ္စများ ဆက်လက်ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြရန် ဖြစ်ကြောင်း၊ ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအသစ်အရ ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ ၆၅ ပါတီရှိပြီး ၎င်းတို့အနက် ၄၇ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ ပါတီများအနက် ပါတီနှစ်ပါတီ ဖျက်သိမ်းခဲ့ရခြင်းကြောင့် တည်ဆဲနိုင်ငံရေးပါတီ ၄၅ ပါတီရှိကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပါတီဝင်အင်အားကို သတ်မှတ်ကာလအတွင်း ပြည့်မီအောင် စည်းရုံးရေးနှင့် သတ်မှတ်ပါတီရုံးခန်းအရေအတွက် ပြည့်မီအောင် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း။

ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများက တင်ပြလာသော ပါတီဝင်အင်အား စာရင်းများကို သက်ဆိုင်ရာဌာနများ၊ ပါတီတာဝန်ခံ ကိုယ်စားလှယ်များနှင့် ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး စိစစ်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် မပြည့်စုံသူများ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ထပ်နေသူများ၊ နိုင်ငံသားစိစစ်ရေး ကတ်အမှတ်နှင့် အမည်ကွဲလွဲသူများ၊ မြို့နယ်ကုတ် လွဲမှားနေသူများ၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ နေရပ်လိပ်စာ ပြည့်စုံခြင်းမရှိသူများ၊ ဥပဒေနှင့်အညီ နေထိုင်သူစာရင်း၌ မရှိသူများ အစရှိသည့် သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသည့် ပါတီဝင်အင်အားစာရင်းများကို သက်ဆိုင်ရာ ပါတီများသို့ပေးပို့ပြီး သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့နှင့် ဆက်သွယ် ဆောင်ရွက်ပြီး သတ်မှတ်ရက်အရောက် ပြန်လည်စိစစ်ပြင်ဆင်ပေးပို့ရေး အကြောင်းကြားခဲ့ကြောင်း။

ယနေ့အထိ ရက်ပေါင်း ၉၀ ပြည့်သည့် နိုင်ငံရေးပါတီ ၃၅ ပါတီအနက် ၂၈ ပါတီသာ သတ်မှတ်အင်အားပြည့်မီသည်ကို တွေ့ရှိရကြောင်း၊ ပါတီရုံးခန်းများ ဖွင့်လှစ်ရာတွင်လည်း ရက်ပေါင်း ၁၈၀ ပြည့်ပြီးသည့် နိုင်ငံရေးပါတီ ၃၂ ပါတီအနက် ၁၉ ပါတီသာ သတ်မှတ်ချက်နှင့်အညီ ဖွင့်လှစ်ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ပါတီဝင်အင်အားနှင့် ရုံးခန်းဖွင့်လှစ်ခြင်းကို သတ်မှတ်ချက်နှင့်အညီ ပြည့်မီအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ပါတီဆိုင်းဘုတ်တင်ခြင်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်ရရှိရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများကို ညှိနှိုင်းအကြောင်းကြားပြီး ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ပါတီအားလုံး ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိစေရန် ဥပဒေနှင့်အညီ အချိန်ပေးပြီး စိတ်ရှည်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နေခြင်းကြောင့် ပါတီဝင်အင်အား ပြည့်မီရေး အလေးအနက်ထား ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေသတ်မှတ်ချက်အတိုင်း ပါတီဝင်ဦးရေ စည်းရုံးခြင်းနှင့် ပါတီရုံးခန်းများ ဖွင့်လှစ်ခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံရေး ပါတီ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ဥပဒေနှင့်အညီတိကျစွာအကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ခိုင်မာအားကောင်းမှသာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံး ဖော်ဆောင်ရာတွင် များစွာ အထောက်အကူရရှိမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြုစနစ် (PR) ဖြင့် ကျင်းပမည်ဖြစ်ရာ စနစ်နှင့်ကိုက်ညီသည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများကိုပြင်ဆင်ပြဋ္ဌာန်း ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးစိစစ်ရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို လွတ်လပ်၊ တရားမျှတမှုရှိစေရန် ကော်မရှင်အနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဆက်တည်း နိုင်ငံရေးပါတီများ၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အကြံပြုချက် စာတမ်းဖတ်ကြားခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံဆောင်ရွက်ခြင်း၊ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိပြီး လုံခြုံအေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ကောင်းမွန်သော အကြံဉာဏ်များကို အပြုသဘောဆောင်တင်ပြပေးကြစေ လိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အကြံပြုချက်စာတမ်းကို အကျဉ်းချုပ် တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ဥပဒေချုပ်၊ နိုင်ငံရေးပါတီ ၄၂ ပါတီမှဥက္ကဋ္ဌများ၊ ပါတီခေါင်းဆောင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲ တက်ရောက်အမှာစကားပြောကြား





**နေပြည်တော် ဇန်နဝါရီ ၁၂**

ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းကျောင်းတို့၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်ရုံးခွဲမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ဟိုတယ်လုပ်ငန်းရှင်များ အသင်း(ရန်ကုန်)နှင့် Htoo Group of Company မှ တာဝန်ရှိသူများ၊ ကန်တော်ကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ကန်တော်ကြီးဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းကျောင်းကဲ့သို့ အစဉ်အလာကောင်းမွန်သော သင်တန်းကျောင်းများအနေဖြင့် ဝန်ကြီးဌာနနှင့် ပိုမိုပူးပေါင်းပြီး ခရီးသွားလုပ်ငန်းကဏ္ဍအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေး၊ အရည်အသွေးပြည့်ဝသော ဝန်ထမ်းကောင်းများ မွေးထုတ်ပေးနိုင်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်း ကျွမ်းကျင်မှုစံနှုန်းများနှင့်အညီ လိုက်နာသင်ကြားရေးကို ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ဟိုတယ်လုပ်ငန်းရှင်များ အသင်း (ရန်ကုန်) ဥက္ကဋ္ဌတို့က သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ပြီး ဆုရရှိကြသော သင်တန်းသား သင်တန်းသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော် လမ်းထောင့်ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်ရုံးခွဲ၊ စန္ဒကူးလမ်းရှိ မော်တော်ယာဉ်ဌာနစိတ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရုံးခန်းများ၊ ဆူးလေမီးသတ်အနီးရှိ မြန်မာ့ခရီးသွားဘဏ်၊ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များကို ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ လွယ်ကူစွာသိရှိနိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော သတင်းပြန်ကြားရေးကောင်တာနှင့် ယခင်ဧည့်လမ်းညွှန် သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပန်းဘဲတန်းမြို့နယ်ရှိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CTD) သင်တန်းကျောင်းသို့ သွားရောက်ပြီး အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေသအကျိုးပြု စာတွေ့ လက်တွေ့မျှတသော သင်ကြားသင်ယူမှုများ ဆောင်ရွက်နိုင်သည့် Polytechnic University များ တည်ထောင်ရေး အသိပညာမျှဝေခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဒေသအကျိုးပြု စာတွေ့လက်တွေ့မျှတသော သင်ကြားသင်ယူမှုများ ဆောင်ရွက်နိုင်သည့် Polytechnic University များတည်ထောင်ရေး အသိပညာမျှဝေခြင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ရှိ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၌ ကျင်းပသည်။



အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ဒေသအကျိုးပြု စာတွေ့လက်တွေ့မျှတသော သင်ကြားသင်ယူမှုများဆောင်ရွက်နိုင်သည့် Polytechnic University များ တည်ထောင်ရေးနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးက နိုင်ငံတကာတွင် Polytechnic University များ ဖွင့်လှစ်သင်ကြားပေးနေမှု၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များတွင် ဖွင့်လှစ်သင်ကြားပေးနေသည့်အခြေအနေများနှင့် Polytechnic University များ တည်ထောင်နိုင်မည့်အခြေအနေများကို သုံးသပ်ဆွေးနွေးရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ တက်ရောက်လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများက Polytechnic University များတည်ထောင်ခြင်းသည် ဒေသအကျိုးပြု စာတွေ့လက်တွေ့မျှတစွာ သင်ကြားသင်ယူမှုများဆောင်ရွက်နိုင်ခြင်းနှင့် အခြေခံအဆောက်အဦများကို ပိုမိုထိရောက် အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်သဖြင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ သင်ရိုးညွှန်တမ်းများအား လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ ဖြစ်စေရန်နှင့် အဆိုပါ Polytechnic University များ ဖြစ်ပေါ်လာစေရေးအတွက် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ကျော့ဖုံးမှ*

ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ် ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ အမျိုးသားဘောလုံးပွဲစဉ်တွင် တောင်ကြီးဇုန်အသင်းနှင့် ရန်ကုန်ဇုန်အသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး မော်လမြိုင်ဇုန်အသင်းက ဒဂုံဇုန်အသင်းကို လေးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့အတူ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲ ဒုတိယနေ့ ပွဲစဉ်အဖြစ် အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲနှင့် အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား လုံတံပစ်ပြိုင်ပွဲ၊ အမျိုးသမီး လုံတံပစ်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲနှင့် အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲများကို ကျင်းပကြသည်။

ယင်းပြိုင်ပွဲများ၏ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် မောင်စောရန်နိုင် (ဟသ်ာတတက္ကသိုလ်)က ပထမ၊ မောင်ကောင်းခန့်ဇော် (တောင်ငူတက္ကသိုလ်)က ဒုတိယ၊ မောင်အောင်ကျော်မင်း (ဒဂုံတက္ကသိုလ်) က တတိယ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် မဆုချမ်းမြေ့ကျော်(ဒဂုံတက္ကသိုလ်) က ပထမ၊ မသိမ့်သဇ္ဇာဦး (ဒဂုံတက္ကသိုလ်)က ဒုတိယ၊ မသီရိညို (စစ်ကိုင်းပညာရေးတက္ကသိုလ်)ကတတိယ၊ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် မောင်ကျော်လွင်ဦး (ဟသ်ာတတက္ကသိုလ်)က ပထမ၊ မောင်ကောင်းမြတ်ကျော် (မော်လမြိုင်တက္ကသိုလ်) က ဒုတိယ၊ မောင်ခန့်ဝဿန်ဝင်းလွင် (တောင်ကြီးတက္ကသိုလ်) က တတိယ၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် မသီရိနိုင် (ရတနာပုံတက္ကသိုလ်) က ပထမ၊ မယိမ်းတန့် (မြစ်ကြီးနားတက္ကသိုလ်)က ဒုတိယ၊ မဖြိုးဖြိုးအောင် (တောင်ကြီးတက္ကသိုလ်) က တတိယ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် မောင်ဝေယံကျော် (ဟသ်ာတတက္ကသိုလ်) က ပထမ၊ မောင်ဟိန်းမင်းထက် (တောင်ကြီးတက္ကသိုလ်)က ဒုတိယ၊ မောင်နေဝင်းဦး (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)ကတတိယ၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် မအေးအေးဖြူ(တောင်ကြီးတက္ကသိုလ်) က ပထမ၊ မခင်မိုးဝေ(တောင်ကြီးတက္ကသိုလ်)က ဒုတိယ၊ မထက်ထက်နိုင်(မိတ္ထီလာတက္ကသိုလ်) က တတိယဆု ရရှိကြသည်။

ထို့ပြင် အမျိုးသားလုံတံပစ်ပြိုင်ပွဲတွင် မောင်နန်းထက်မောင် (မန္တလာတက္ကသိုလ်) က ပထမ၊ မောင်ချမ်းငြိမ်း (ရန်ကုန်ပညာရေးတက္ကသိုလ်) က ဒုတိယ၊ မောင်အောင်ဖုန်းမြင့် (မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်) က တတိယ၊ အမျိုးသမီးလုံတံပစ်ပြိုင်ပွဲတွင် မဇာနည်ဝင်း (ဒဂုံတက္ကသိုလ်)က ပထမ၊ မအိရွှေစင် (ဒဂုံတက္ကသိုလ်) က ဒုတိယ၊ မသက်ထက်သံစဉ် (ဘားအံတက္ကသိုလ်)က တတိယ၊ အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ရတနာပုံတက္ကသိုလ်အသင်းက ပထမ၊ ဒဂုံတက္ကသိုလ်အသင်းက ဒုတိယ၊ တောင်ကြီးတက္ကသိုလ် အသင်းက တတိယ၊ အမျိုးသမီးမီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ရတနာပုံ တက္ကသိုလ်အသင်းက ပထမ၊ ဒဂုံတက္ကသိုလ်အသင်းက ဒုတိယနှင့် မော်လမြိုင်တက္ကသိုလ်အသင်းက တတိယဆု ရရှိခဲ့ကြသည်။





အဆိုပါ ပြိုင်ပွဲများအပြီးတွင် တာဝန်ရှိသူများသည် ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ တက္ကသိုလ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ လည်းကောင်း၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ လည်းကောင်း ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❒ *ကျော့ဖုံးမှ*

ဓာတ်ခွဲမှုဆိုင်ရာဌာနမှပေးပို့သော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ဓာတ်ခွဲနမူနာ ၁၈ ခုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစ၍ မျိုးဗီဇတစ်ခုလုံးစစ်ဆေးမှု(Whole Genome Sequencing) ကို ဆောင်ရွက်ခဲ့ရာ ဓာတ်ခွဲနမူနာ ၁၆ ခုတွင် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများ တွေ့ရှိခဲ့ရပြီး စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိပြီးနောက် ရောဂါပိုးတွေ့ရှိသူများထံမှ ဓာတ်ခွဲနမူနာသုံးခုနှင့် ပြည်တွင်းကူးစက်မှုများမှ ရောဂါပိုးတွေ့ရှိသူများထံမှ ဓာတ်ခွဲနမူနာ ၁၃ ခုတို့ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ကိုဗစ် - ၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲ တွေ့ရှိမှုနှင့်ပတ်သက်၍“ရောဂါကူးစက်မှုအနေနဲ့က ဗိုင်းရပ်စ်ရဲ့သဘောက အသစ်တစ်ခုပေါ်လာပြီဆိုရင် အရင်ကူးစက်မှုတွေကို ကျော်တက်သွားတာပဲ။ ပထမကူးပြီးသားဟာကို နောက်ထပ်ဗိုင်းရပ်စ်က မျိုးပြောင်းပြီးတော့ ပြန်တက်လာတာပေါ့။ ဒါကြောင့်မို့ ရှေ့မှာဖြစ်ခဲ့တဲ့ Delta တို့ဆိုရင် အခုမရှိတော့ဘူးလေ။ Delta နဲ့ Omicron ပေါ်တဲ့အချိန် Deltaက မြုပ်သွားပြီး အိုမီခရွန်ထပ်ပေါ်လာတယ်။ အိုမီခရွန်ကိုမှထပ်ပြီး BA.4 ၊ BA.5တို့ မျိုးကွဲတွေ ထပ်ပေါ်လာတယ်။ အဲဒီနောက်မှာ အခု JN.1တို့ ဒီအုပ်စုပေါ်လာတာပေါ့။ရောဂါပြင်းထန်မှုအနေနဲ့ အများကြီးမရှိဘူး။ ကာကွယ်ဆေးထိုးနှံထားရင် ကောင်းကောင်းကာကွယ်နိုင်ပါတယ်။ အထူးသဖြင့် ကာကွယ်ဆေးထိုးနှံမှုအနေနဲ့ Booster Update ဖြစ်ဖို့လိုတယ်။ အဓိကကတော့ ကာကွယ်ဆေးပါပဲ” ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများသည် SARS-CoV-2 Omicron Variant များဖြစ်ပြီး စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ သုံးဦးတွင် Omicron HV.1၊ JN.1 နှင့် EG.5.1.8 variants တို့ကိုလည်းကောင်း၊ ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၃ ဦးတွင် Omicron JN.1 ၁၁ ဦးနှင့် XBB.1.16.17 နှစ်ဦးတို့ကိုလည်းကောင်း တွေ့ရှိရပြီး ၎င်းတို့အားလုံးသည် ကျန်းမာရေးအခြေအနေများ သက်သာကောင်းမွန်သဖြင့် သက်ဆိုင်ရာ ဆေးရုံအသီးသီးမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

ယခုတွေ့ရှိရသော SARS-CoV-2 Omicron Variant များတွင် HV.1၊ JN.1 နှင့် EG.5.1.8 တို့မှာ မြန်မာနိုင်ငံတွင် အသစ်ထပ်မံတွေ့ရှိသည့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲ(Newly Detected Variants In Myanmar) ဖြစ်ကြောင်းလည်း ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ပါရှိသည်။

သို့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ အသစ်တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲ JN.1 သည် EG.5 ကဲ့သို့ပင် ပြည်သူ့ကျန်းမာရေးထိခိုက်မှုအန္တရာယ် ဖြစ်နိုင်ခြေနည်းပါးကြောင်း၊ ၎င်းဗီဇပြောင်းမျိုးကွဲပိုးသည် ကူးစက်ပျံ့နှံ့မှု မြင့်တက်လာသော်လည်း ရောဂါပြင်းထန်မှုမရှိကြောင်း သိရသည်။

**MT**

---

◆ *ကျော့ဖုံးမှ*

လာမည့်ရာသီ MNL ပြိုင်ပွဲတွင် အသင်း ၁၂ သင်း ယှဉ်ပြိုင်မည်ဖြစ်သော်လည်း MNL-2 တွင် ပြိုင်ပွဲဝင်အသင်းအရေအတွက် အတည်မပြုနိုင်သေးဘဲ ကိုးသင်းဝန်းကျင်ဖြင့် ကျင်းပမည်ဖြစ်သည်။

ထို့ကြောင့် Myanmar National League Cup 2024 ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၂၀ ကျော်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုပုံစံဖြင့် ပြုလုပ်မည်ဖြစ်သည်။ ပြိုင်ပွဲကို ခြောက်သင်း သို့မဟုတ် ငါးသင်းပါဝင်သော အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းစီမှာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို သုဝဏ္ဏကွင်း၊ YUSC ကွင်း၊ တက္ကသိုလ်ကွင်းနှင့် ပဒေသာကွင်းတို့တွင် ကျင်းပမည်ဖြစ်သည်။

Myanmar National League Cup 2024 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဖေဖော်ဝါရီလ ပထမပတ်တွင် ကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

# စကားလက်ဆောင် စာလက်ဆောင်

ယဉ်ယဉ်(ဘက်ရဲ)

မနေ့က ဆရာမကြီးက သိပ်နေမကောင်းဘူး။ ထုံးစံအတိုင်း အိပ်ရာထဲကွေးရင်း ဖုန်းဖွင့်မိတော့

"ဆရာမကြီး သမီးတို့လာနေပြီ၊ လမ်းမှာ ဆိုင်ဝင်ပြီး စားသောက်နေတယ်"လို့ message ရိုက် CB ကနေ ပြောထားတာတွေ့ရတယ်။

လာတဲ့သူတွေက ကလေးတွေတော့ မဟုတ်ဘူး။ ကညင်ကူ အထက က အထက်တန်းကျောင်းအုပ်ကြီးနဲ့ မြန်အောင်မြို့ ထခွဲရေနံမြေကျောင်းက အထက်တန်းကျောင်းအုပ်ကြီးတွေဖြစ်တယ်။

အဲဒီလိုလာတာ သိပ်သဘောကျတယ်။ ဟန်ကျပြီ... ကိုယ်ပြောလိုတာလေးတွေ၊ ပညာရေးကိစ္စ ဆွေးနွေးလိုတာလေးတွေ အသိချင်းဖလှယ်ရတာပေါ့ဆိုပြီး ဝမ်းပန်းတသာ ငေါက်ခနဲထ၊ ဆေးသောက်စောင့်ကြို ဖြစ်ပါတယ်။ မေးတာလေးတွေ ဖြေကြားပြီး ရယ်စရာလေးတွေလည်း ပြောဖြစ်ပါတယ်။ အချိန်မရတဲ့အတွက် အဆင်သင့်မဖြစ်လို့ လက်ဆောင်မပေးလိုက်ရတာ စိတ်မကောင်းဘူး။

ဒါကြောင့် စာလက်ဆောင် စကားလက်ဆောင်လေး ရေးပေးလိုက်ပါတယ်ကွယ်။

ပညာရေးဆိုတာ ကျယ်ပြန့်တယ်။ အင်္ဂလိပ်စကားပုံတစ်ခုရှိတယ်။ "အညစ်အကြေးဆိုတာမရှိဘူး၊ နေရာမှားနေတဲ့ ပစ္စည်းသာဖြစ်တယ်"တဲ့။

ဆိုလိုတာက လူတွေသတ်မှတ်တဲ့ အညစ်အကြေးဆိုတာ သူ့နေရာနဲ့သူရှိနေရင် အညစ်အကြေး မဟုတ်တော့ဘူး။ ဥပမာ- ဝက်သားတုံးက ပန်းကန်ထဲရှိနေရင် အညစ်အကြေးမဟုတ်ဘူး။ အဲဒီဝက်သားတုံးက ကြမ်းပြင်ပေါ်ကျသွားရင်တော့ အညစ်အကြေးစာရင်းဝင်သွားပြီပေါ့။

### သန်ရာသန်ရာ ပါရမီထူးလေးတွေ

ဒီလိုပါပဲ သမီးတို့ရေ၊ ကလေးတွေမှာ သန်ရာသန်ရာ ပါရမီထူးလေးတွေ ရှိတတ်ကြတယ်။ အားလုံးဟာ နယ်ပယ်တစ်ခုတည်းမှာ ထူးချွန်မှုချင်း ထပ်တူကျနိုင်မှာ မဟုတ်ပါဘူး။ သူတို့ရဲ့ ပင်ကိုစွမ်းရည်အလိုက် စွမ်းဆောင်မှု၊ ထက်မြက်တဲ့ အရည်အသွေးတွေ ရှိနေတတ်ပါတယ်။ ဒါကိုသတိပြုဖို့ ဂရုစိုက်ဖို့ ဖော်ထုတ်ပေးဖို့က ဆရာ့တာဝန်ဖြစ်လာတယ်။ ဆရာဟာ ခပ်ပေ့ါပေ့ါ နေလို့မရတော့ဘူး။ ဆရာက တော်နေ၊ တတ်နေရတော့မယ်။ ဒီအတွက် ဆရာကလည်း ထာဝရကျောင်းသားကြီးအဖြစ် ကြိုးစားနေရပါမယ်။

ကျောင်းလာ၊ စာအုပ်ထဲက စာကိုပဲသင်၊ ကျောင်းပြန်တဲ့ ဆရာတစ်ယောက်ရဲ့ ကိုင်တွယ်မှုဟာ ထူးချွန်တဲ့တပည့်တွေကို ဘယ်တော့မှ မွေးမထုတ်နိုင်လောက်ပါဘူး။ ကလေးတွေကို သင်ယူတတ်မြောက်ဖို့ သင်ကြားပေးရမယ်။ ညွှန်ကြားပေးရမယ်။ ကလေးတွေ သင်ယူတတ်မြောက်အောင် သင်ကြားပေးခြင်းသည် "ပညာရေး" ဖြစ်ပါတယ်။ ဒီနေရာမှာ ဆရာမ လေ့လာရသလောက် တချို့ကလေးတွေဟာ ဉာဏ်ရည်ထက်မြက်ပေမယ့် သာမန်စွမ်းရည်သာ ရှိကြတယ်။ ဒီလို သာမန်စွမ်းရည်ရှိတဲ့ကလေးတွေကို ဉာဏ်ကြီးရှင်တွေဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရမယ်။

ဘယ်လိုပျိုးထောင်မလဲ။ "Education" ဆိုတာ ဘာလဲ။ Education ဆိုတာ လက်တင်စကားပါ၊ Educere ကနေ ဆင်းသက်လာတာပါ။ မူရင်းအဓိပ္ပာယ်က "ပင်ကိုအတွင်းသဏ္ဌာန်မှာရှိတာကို ပေါ်လွင်အောင် ထုတ်ဖော်ပေးတာ"ပဲ ဖြစ်ပါတယ်။

"ဉာဏ်ကြီးရှင်" ဆိုတာကို ဆရာမပြောခဲ့တယ်။ ဘယ်သူဟာ ဉာဏ်ကြီးရှင်ဖြစ်နေသလဲလို့ ဆရာကိုယ်တိုင်က သိဖို့လည်း လိုလာပြန်တယ်။ ဥပမာ- မိုးရွာနေသည်...လို့ ဆရာက ဝါကျတစ်ကြောင်း ရေးပြတယ်ဆိုပါစို့ ... ကလေးတွေကို ခံစားရေးခိုင်းကြည့်လိုက်။ တချို့ကလေးက ရေးလိမ့်မယ်။

"မိုးတွေရွာနေတယ်။ မိုးစက်ကလေးတွေဟာ ကောင်းကင်ကနေ ထိုးစိုက်ကျလာတဲ့ မြားကလေးတွေလိုပါပဲ" လို့ ရေးလာသူရှိလိမ့်မယ်။

ဒီလိုကလေးမျိုးကို ဆရာက မိမိရရဆုပ်ကိုင်



ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်း မူလတန်းကျောင်းတစ်ကျောင်းမှ ဆရာမလေးတစ်ဦးနှင့် ကျောင်းသား ကျောင်းသူများ။

ထုတ်ဖော်နိုင်ရမယ်။ သူဟာ "ဉာဏ်ကြီးရှင်" ပဲ။ ထူးချွန်ထက်မြက်လာမယ့်ကလေးပဲ။ ဆရာက ဆက်လက်ပျိုးထောင်ပေးနေရမယ်။ သူကိုယ်တိုင် ပါဝင်လုပ်ဆောင်နိုင်အောင် ဆရာက ညွှန်ပြပေးသင့်တယ်။

### ကျောင်းတွေမှာ မှားနေတာတွေ

ဒီနေရာမှာ ကျောင်းတွေမှာ မှားနေတာတွေကို ထောက်ပြချင်တယ်။ ဆရာက သိပြီ။ ဒီကောင် ဉာဏ်ကောင်းတယ်။ စာတော်တယ်။ ပေးသမျှ အာဂုံဆောင်နိုင်တယ်ဆိုပြီး ကလေးကို လက်သပ်မွေးတော့တာပဲ။

ဘာအတွက်လဲ၊ ပြိုင်ပွဲတွေဝင်ဖို့၊ စာစီစာကုံးပြိုင်ပွဲတွေ၊ လူရည်ချွန်ပြိုင်ပွဲတွေ စတဲ့ပြိုင်ပွဲမျိုးစုံအတွက် လက်သပ်မွေး ရွေးထုတ်တော့တယ်။ ကျောင်းတွေဟာ ကျောင်းချင်းပြိုင်ကြရင်း ဆုရဖို့လောက်ပဲ လုပ်ဆောင်လာကြတာတွေ့ရတယ်။ ကျောင်းဂုဏ်သိက္ခာ နာမည်ရဖို့လောက် လုပ်လာကြတာ တွေ့ရတယ်။ ဆုအပေါ်သာယာရင်း၊ ဂုဏ်ပြိုင်ရင်း တော်သူကိုသာ ဂရုစိုက်အလေးထားလာကြ၊ မြှောက်စားကြပြီး၊ ဉာဏ်ထိုင်းတဲ့ကလေးကို ဥပေက္ခာပြုသလို ဖြစ်သွားတတ်တယ်။ ဒါဟာ အထူးအလေးဂရုပြုရမယ့် အချက်ပါပဲ။

ဉာဏ်ကောင်းပြီး စာတော်တဲ့ကလေးကို ကမ့်သွင်းပြီး ဆရာက မှတ်စုရေးပေး၊ ရွေးကျက်ခိုင်း၊ ပြိုင်ခိုင်း၊ ပြေးခိုင်းတော့တာပါပဲ။ အဲဒီလိုလုပ်တော့ မြို့နယ်အဆင့်၊ တိုင်းအဆင့် ပထမ ဒုတိယ စသည်ဖြင့် ရလာကြတယ်။ ဒါကို မိဘကရော၊ ဆရာကရော၊ လူအများကရော တို့ကျောင်းကတော့ ဂုဏ်ထူးတွေ ဘယ်လောက်ထွက်တယ်၊ ဘာဆုတွေ ဝင်တယ်ဆိုပြီး ဂုဏ်ခံလေ့ရှိကြတယ်။ မိဘတွေကလည်း ကိုယ့်သားသမီးက ပထမအဆင့်ဝင်တိုင်း တော်တယ်၊ တတ်တယ် ထင်သွားကြတယ်။

### ကလေးရဲ့ ဉာဏ်ရည် အကျဉ်းကျသွား

မမှားပါဘူး။ သို့သော် မမှန်ပါဘူး။ ကလေးတွေဟာ ပြုစုလို့ တောက်ကြွားလာပေမယ့် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အတွေး၊ စိတ်ကူးစိတ်သန်း၊ ပညာအခန်းကဏ္ဍတွေ ပြုတ်ကျကျန်ရစ်ခဲ့တယ်။ ဒါကျက် ဒါဖြေ ဒီလိုလုပ်ဆိုတဲ့ ဘောင်ထဲမှာ ကလေးရဲ့ ဉာဏ်ရည်ဟာ ထောင်ကျ အကျဉ်းကျသွားတာနဲ့တူတယ်။

ဒီလိုကလေးတွေဟာ ဉာဏ်ရည်မြင့်လို့၊ စာကျက်အားကောင်းလို့ တစ်နေ့နေ့မှာ ဆရာဝန်၊ သမားတော်၊ အင်ဂျင်နီယာ စတဲ့ ပညာတတ်ကြီးတွေ ဖြစ်လာကြပေမယ့် E.Q (Emotional Quotient) လို့ခေါ်တဲ့ အတွေးအခေါ် ဆင်ခြင်တုံတရားတွေ၊ မြော်မြင်မှုတွေ၊ စဉ်းစားဉာဏ်တွေ၊ လူအများနဲ့ ဆက်ဆံတဲ့အခါ လူသားအချင်းချင်း လေးစားတန်ဖိုးထားမှုတွေ၊ ယဉ်ကျေးစွာဆက်ဆံပြောဆိုတတ်မှုတွေ၊ ကိုယ်ချင်းစာတတ်မှုတွေ၊ တာဝန်ယူတတ်မှု၊ တာဝန်ခံတတ်မှုတွေ ပါမလာတဲ့အတွက် ဆင်ကန်းတောတိုးပဲဖြစ်လာကြပြန်တယ်။

ဆိုလိုတာက ပညာပါမလာဘူးလို့ ဆိုလိုတာဖြစ်ပါတယ်။ စာသင်ကျောင်းတွေမှာက I.Q (Intelligence Quotient) မြင့်မားအောင် လုပ်တဲ့နည်းတွေကို ဦးစားပေးတာတွေ့ရတယ်။ ဆရာ ဆရာမတွေကလည်း I.Q Level ကိုပဲ အဓိကထားနေကြတာကို တွေ့ရတယ်။ တကယ်တော့ E.Q က ကလေးရဲ့ ပင်ကိုစရိုက်သဘာဝကို ဖော်ပြတာဖြစ်လို့ ဗီဇစရိုက်ကောင်းတွေဖြစ်လာအောင် ပျိုးထောင်ပေးတာဖြစ်ပါတယ်။

ဒါ့ပြင် S.Q (Social Quotient) လို့ ခေါ်တဲ့ အပေါင်းအသင်း၊ သူငယ်ချင်းမိတ်ဆွေကြားမှာ ပေါင်းသင်းဆက်ဆံရေးတွေကအစ ပေါင်းသင်းဆက်ဆံတတ်လာအောင် တည့်မတ်ပျိုးထောင်ပေးလိုက်ရမယ်။ နောက်ဆုံး A.Q (Adversity Quotient) ကို ပါအောင် လေ့ကျင့်ပေးရမယ်။ ဒါက ဘာပြောတာလဲဆိုတော့ မြန်မာစကားနဲ့ပြောရရင် လောကဓံတရားပေ့ါ။ ခက်ခဲကြမ်းတမ်းတဲ့ ပြောင်းလဲမှုတွေကို ရဲရဲရင့်ရင့် ရင်ဆိုင်ဖြေရှင်းတတ်တာမျိုး၊ ကျော်လွှားနိုင်တာမျိုးကို ပြောတာဖြစ်တယ်။ ဒါတွေ တစ်ပါတည်းပါသွားအောင် ကျောင်းနေစဉ်ပဲ လေ့ကျင့်ပေးသင့်တယ်။

### ကလေးတွေကိုယ်တိုင် လုပ်ဆောင်သင်ယူတဲ့နည်း

ဒီတော့ ဒါတွေပါအောင် ဘယ်လိုလုပ်ယူသင့်သလဲဆိုရင် ကလေးတိုင်း ပါဝင်လုပ်ဆောင်နိုင်အောင်၊ ကလေးတွေကိုယ်တိုင် လုပ်ဆောင်သင်ယူတဲ့နည်းကို သုံးသင့်တယ်။ ဥပမာ- စာစီစာကုံးပြိုင်ပွဲဝင်ကြမယ်ဆိုပါစို့။ ခေါင်းစဉ် "လွတ်လပ်ရေးနေ့" ဆိုရင် ဆရာက လွတ်လပ်ရေးကြိုးပမ်းမှုနဲ့ ပတ်သက်တဲ့ စာအုပ်တွေကို Library ထဲမှာ ရှာပေးလိုက်ပါ။ ချပေးလိုက်ပါ။ Guide လုပ်လိုက်ပါ။ ကလေးအားလုံး ဖတ်ကြပါစေ။ ကလေးတွေကိုယ်တိုင် မှတ်စုထုတ်တတ်အောင် ဆရာကပြပေးပါ။ ကလေးက မေးလာခဲ့သည်ရှိသော် ဆရာက အနားကနေ လမ်းညွှန်ပြသပေးပါ။

ပဏာမအနေနဲ့ ကျောင်းတွင်းအဆင့် အားလုံးပြိုင်ခိုင်းပါ။ အဲဒီအထဲကမှ တော်သူ ကောင်းသူကို ဆရာက ရွေးထုတ်ပါ။ ပြီးမှ မြို့နယ်အဆင့်တွေ ဝင်ရောက်ယှဉ်ပြိုင်ပါ။ ဆုရလာခဲ့သည်ရှိသော် အဲဒီကလေးဟာ သူကိုယ်တိုင်ပါဝင်ကြိုးစား လုပ်ယူရတဲ့ အောင်မြင်မှုဖြစ်တဲ့အတွက် ဘဝတစ်သက်တာ ဘယ်တော့မှ မမေ့တော့ဘူး။ ဆုမရတဲ့ကလေးကလည်း အတူတူလုပ်ဆောင်ရင်း တဖြည်းဖြည်းချင်း၊ အတုမြင် အတတ်သင် စိတ်ဝင်စားလာပါလိမ့်မယ်။

အဲဒီလို ကိုယ်တိုင်ရေးသားလိုက်တဲ့ အကြောင်းအရာတွေဟာ သူတို့ခေါင်းမှာ စွဲသွားတဲ့အတွက် ဘယ်တော့မှ မမေ့တော့ဘူး။ "အတုဆု" မဟုတ်ဘဲ "အစစ်အမှန်ဆု" ဖြစ်တဲ့အတွက် ကလေးရဲ့ အရည်အချင်းဟာ တဖြည်းဖြည်း မြင့်တက်လာပါလိမ့်မယ်။ ဉာဏ်ကြီးရှင် လူတော်လူကောင်းတွေ ဖြစ်လာပါလိမ့်မယ်။ သူတို့ကိုယ်သူတို့ ယုံကြည်သွားလိမ့်မယ်။ ကိုယ့်အားကိုယ်ကိုးစိတ်တွေ ဖြစ်တည်လာလိမ့်မယ်။ အတူတူ ပူးပေါင်းလုပ်ဆောင်လိုစိတ်တွေ ဖြစ်လာလိမ့်မယ်။ ဒီလိုလုပ်ပေးခြင်းသည် ပညာရေး သင်ယူမှု မဏ္ဍိုင်ကြီးလေးရပ်နဲ့လည်း ကိုက်ညီသွားပါလိမ့်မယ်။ ပညာရေးသင်ယူမှု မဏ္ဍိုင်ကြီးလေးရပ်ရှိတယ်။

(၁) အသိပွားဖို့သင်ယူတာ (Learning to know)

(၂) လုပ်ကိုင်တတ်ဖို့သင်ယူတာ (Learning to do)

(၃) တစ်ဦးချင်းအဖြစ် အစွမ်းကုန်ဖွံ့ဖြိုးဖို့သင်ယူတာ (Learning to be)

(၄) ကမ္ဘာ့သားအဖြစ် အတူနေဖို့သင်ယူတာ (Learning to live together)

သင်ယူမှုမဏ္ဍိုင်ကြီးလေးရပ်ဖြင့် တစ်သက်တာသင်ယူမှုကို မွေးသည်မှစ၍ သေသည်အထိ ဘဝတစ်လျှောက်လုံး သင်ယူမှု ပြုသွားတတ်အောင် ဆရာက အုတ်မြစ်ချ ကူညီပေးကြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ အကြံပြုလိုတာက စာကြည့်တိုက်မှူးက အခရာဖြစ်တယ်။ စာကြည့်တိုက်မှူးကို ဘာသာရပ်အချိန်လျှော့ပြီး စာပေကိစ္စတွေကို သီးသန့်ဆောင်ရွက်ခိုင်းရင် ပိုကောင်းမယ်။ နိုင်ငံရဲ့ နေ့ထူးနေ့မြတ်အလိုက်ဖြစ်စေ၊ ကျန်းမာရေး၊ အားကစား၊ အနုပညာယဉ်ကျေးမှု၊ အတ္ထုပ္ပတ္တိဆိုင်ရာစသည်ဖြင့်

*စာမျက်နှာ ၁၁ သို့*

> **"ဉာဏ်ကောင်းပြီး စာတော်တဲ့ကလေးကို ကမ့်သွင်းပြီး ဆရာက မှတ်စုရေးပေး၊ ရွေးကျက်ခိုင်း၊ ပြိုင်ခိုင်း၊ ပြေးခိုင်းတော့တာပါပဲ။ အဲဒီလိုလုပ်တော့ မြို့နယ်အဆင့်၊ တိုင်းအဆင့် ပထမ ဒုတိယ စသည်ဖြင့် ရလာကြတယ်။ ဒါကို မိဘကရော၊ ဆရာကရော၊ လူအများကရော တို့ကျောင်းကတော့ ဂုဏ်ထူးတွေ ဘယ်လောက်ထွက်တယ်၊ ဘာဆုတွေ ဝင်တယ်ဆိုပြီး ဂုဏ်ခံလေ့ရှိကြတယ်။ မိဘတွေကလည်း ကိုယ့်သားသမီးက ပထမအဆင့်ဝင်တိုင်း တော်တယ်၊ တတ်တယ် ထင်သွားကြတယ်။ မမှားပါဘူး။ သို့သော် မမှန်ပါဘူး"**

# ကျိန္တလီဒေသမှ ရှားပါးမျိုးစိတ် လိပ်စောင်းလျား ဥကျင်းနေရာကို ခြံခတ်၍ အကာအကွယ်ပေးထား

ဂွ ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံအတွင်း ရှားပါးလိပ်မျိုးစိတ်ဖြစ်သည့် လိပ်စောင်းလျား နှစ်ကြိမ်တက်ရောက်ဥချခဲ့ရာ ရခိုင်ပြည်နယ် ဂွမြို့နယ် ကျိန္တလီဒေသ ကမ်းခြေရှိ လိပ်ဥကျင်းနေရာနှစ်ခုကို စနစ်တကျခြံခတ်၍ သတိပေးတားမြစ်ဆိုင်းဘုတ်များ စိုက်ထူထားကြောင်းနှင့် လိပ်ဥကျင်းနှစ်ခုလုံးကို ပင်လယ်ရေငန်မဖုံး(မထိ)စေရန် စောင့်ကြည့်နေကြောင်း ကျိန္တလီဒေသ ကမ်းနီးရေလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲရေးအသင်း (KIFCA)မှ တာဝန်ရှိသူက ပြောကြားသည်။

ကျိန္တလီဒေသ ကမ်းနီးရေလုပ်ငန်း စီမံခန့်ခွဲမှုဧရိယာအတွင်းရှိ ပင်လယ်လိပ်ထိန်းသိမ်းရေးကမ်းခြေ ဇုန်(၃) ဧရိယာအနီး၌ မျိုးသုဉ်းလုနီးပါးကြုံတွေ့နေရသော လိပ်စောင်းလျား(လိပ်ကမ္ဘာ) တစ်ကောင်က ဒီဇင်ဘာ ၃၀ ရက်တွင် တက်ရောက်ဥချခဲ့ပြီး ကမ်းခြေ ဇုန် (၂) ဧရိယာတွင်လည်း ဇန်နဝါရီ ၉ ရက်တွင် လိပ်စောင်းလျား( လိပ်ကမ္ဘာ)တစ်ကောင်က ထပ်မံတက်ရောက် ဥချထားခဲ့သည်ကို တွေ့ရှိရကြောင်း တာဝန်ရှိသူက ပြောသည်။

အဆိုပါလိပ်အမျိုးအစားမှာ လွန်ခဲ့သည့် သုံးနှစ်ခန့်ကလည်း တက်ရောက်ဥချခဲ့ပြီး လိပ်ဥကျင်းကို ပင်လယ်ရေထိသောကြောင့် သားမပေါက်နိုင်ခဲ့သဖြင့် ယခုအကြိမ်တွင် လိပ်ကျင်းအနီး ပင်လယ်ရေရောက်ရှိနိုင်မည့်အနေအထားရှိ/မရှိ စောင့်ကြည့်ခြင်းများ ဆောင်ရွက်နေပြီး ပင်လယ်ရေရောက်မည့်အနေအထားရှိပါက တာပေါင်ငယ်ပုံစံ အကာအရံထားရှိ ဆောင်ရွက်သွားမည်ဟု သိရသည်။

"သူက ရေငန်လိပ်ဆိုပေမယ့် လိပ်ဥကျင်းကို ရေငန်ထိ(ဖုံး)သွားတာမျိုးဆိုရင် သားမပေါက်တော့ဘူး။ ဒီလိပ်မျိုးစိတ်ကလည်း ရှားပါးမျိုးစိတ်ဆိုတော့ လွန်ခဲ့တဲ့သုံးနှစ်ကလို မဖြစ်ရအောင် စောင့်ကြည့်ဆောင်ရွက်နေတယ်။ ဒီအချိန်က ရေကြီးဘက်ဆိုတော့ လိပ်ကျင်းနား ရေရောက်နိုင်မလား၊ ရောက်နိုင်မယ့် အနေအထားရှိရင် ရေကာအနေနဲ့ တာပေါင်ပုံစံမျိုးလေး အကာထားရှိဖို့ စောင့်ကြည့်ရေးအဖွဲ့တွေကို မှာကြားထားတယ်" ဟု တာဝန်ရှိသူက ဆိုသည်။

ထို့အပြင် လိပ်စောင်းလျား တက်ရောက်ဥချခဲ့သည့် လိပ်ဥကျင်းဧရိယာကို ခြံထိုး၍ အဆိုပါလိပ်ဥကို မဖော်ရ၊ မကိုင်ရ၊ ငါးလုပ်ငန်းဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း တားမြစ်ဆိုင်းဘုတ်ကို လိပ်ဥကျင်းနေရာနှစ်ခုလုံးတွင် ဇန်နဝါရီ ၉ ရက်မှစ၍ စိုက်ထူထားကြောင်းလည်း သိရသည်။



MT၊ Photo-KIFCA

---

*စာမျက်နှာ ၁၀ မှ*

❂ **ကလေးက သူကိုယ်တိုင် ဖတ်မှတ်ရေးတဲ့အခါ အနာဂတ်အတွက် တကယ့်အတွေးအခေါ် ပညာပါသွားတယ်၊ သူတို့ကိုယ်တိုင် လုပ်ဆောင်ယူလို့ရသွားတဲ့ အသိပညာတွေ အဲဒီကလေးရသွားတယ်။ ထူးချွန်တဲ့ ကလေးလေးငါးယောက်ကို လူမြင်ကောင်းအောင် မွေးထုတ်တာထက်၊ ကလေးအားလုံး တော်၊ တတ်၊ ထက်မြက်လာအောင် လုပ်ယူသင့်ပါတယ်။**

■ **ဒီနေရာမှာ မြို့နယ်ပညာရေးမှူးကအစ၊ ခရိုင်၊ တိုင်းအဆင့်အထိ လူကြီးတွေကလည်း နားလည်ပေးဖို့လိုတယ်။ မေးမြန်းစစ်ဆေးဖို့လိုတယ်။ ဆုမရတာနဲ့ ဒီကျောင်းအုပ်ကြီး အလုပ်မလုပ်ဘူး။ ဘာအဆင့်မှ တက်မလာဘူးလို့ နှိမ့်ချဆက်ဆံဖို့ မဖြစ်သင့်ဘူး။ ကိုယ့်မြို့နယ် နာမည်ကောင်းလိုချင်တာနဲ့ ဖိအားမပေးသင့်ဘူးလို့ ထင်ပါတယ်**

ဆိုင်ရာဆိုင်ရာစာအုပ်တွေကို တစ်စုစီ၊ သပ်သပ်စီ ပိုင်းခြားထားတတ်ရမယ်။ စုဆောင်းထားရမယ်။ ဒါမှသာ ဘာနေ့အတွက်ဟော့၊ ဘယ်အကြောင်းအရာအတွက်ဟော့ဆိုရင် ကလေးအတွက် အဆင်သင့် ထုတ်ပေးနိုင်နေရမယ်။

**ကျက်ဖြေလို့ရတဲ့ဆုဟာ အရသာမရှိ**

စာကြည့်တိုက်တွေဟာ For show မဖြစ်သင့်ဘူး။ အသုံးချတတ်ရမယ်။ စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်အောင် မိဘဆရာပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ ယခုဖြစ်နေ၊ ပြိုင်နေတာတွေက ကလေးပြိုင်တာမဟုတ်ဘဲ ဆရာပြိုင်တွေ ဖြစ်နေတာဟာ မှားယွင်းတဲ့ လုပ်ရပ်တွေဖြစ်နေပါတယ်။ ကျက်ဖြေလို့ရတဲ့ဆုဟာ အရသာမရှိသလို ပညာပါမလာတဲ့အတွက် Total Quality ဖြစ်မလာနိုင်ပါဘူး။ ဒီလိုကလေးတွေဟာ တိုင်းပြည်အတွက် ပြီးပြည့်စုံတဲ့ ခေါင်းဆောင်ကောင်းတွေ ဖြစ်မလာနိုင်ပါဘူး။ ဖြစ်မလာတဲ့အပြင် အတ္တကြီးတဲ့သူ၊ မရ ရတဲ့နည်းနဲ့ လုပ်ယူမယ့်သူတွေသာ ဖြစ်လာကြလိမ့်မယ်။ ခက်ခက်ခဲခဲ ကြိုးစားတည်ဆောက်ယူရတဲ့အလုပ်ကို မလုပ်ချင်ကြတော့ဘူး။ ပေါ့ပေါ့ပါးပါးရတဲ့ အလုပ်ကိုပဲ မက်မောတတ်လာကြတော့တယ်။ အလုပ်ရဲ့တန်ဖိုးကို မသိ၊ နားမလည်တော့ဘူး။ စဉ်းစားတွေးခေါ်ဆင်ခြင်တုံတရားတွေ မရှိတဲ့အတွက် အနာဂတ်အတွက် ကောင်းမွန်တဲ့ အရည်အသွေးတွေ ပါမလာတော့ပါဘူး။ မြို့နယ်ဆုတွေ မရတော့ဘာဖြစ်သလဲ။ ဘာမှမဖြစ်ဘူးနော်။

ဒါပေမယ့် ကလေးက သူကိုယ်တိုင် ဖတ်မှတ်ရေးတဲ့အခါ အနာဂတ်အတွက် တကယ့်အတွေးအခေါ် ပညာပါသွားတယ်၊ သူတို့ကိုယ်တိုင် လုပ်ဆောင်ယူလို့ရသွားတဲ့ အသိပညာတွေ အဲဒီကလေးရသွားတယ်။ ထူးချွန်တဲ့ ကလေး လေးငါးယောက်ကို လူမြင်ကောင်းအောင် မွေးထုတ်တာထက်၊ ကလေးအားလုံး တော်၊ တတ်၊ ထက်မြက်လာအောင် လုပ်ယူသင့်ပါတယ်။

ဒီနေရာမှာ မြို့နယ်ပညာရေးမှူးကအစ၊ ခရိုင်၊ တိုင်းအဆင့်အထိ လူကြီးတွေကလည်း နားလည်ပေးဖို့လိုတယ်။ မေးမြန်းစစ်ဆေးဖို့လိုတယ်။ ဆုမရတာနဲ့ ဒီကျောင်းအုပ်ကြီး အလုပ်မလုပ်ဘူး။ ဘာအဆင့်မှ တက်မလာဘူးလို့ နှိမ့်ချဆက်ဆံဖို့ မဖြစ်သင့်ဘူး။ ကိုယ့်မြို့နယ် နာမည်ကောင်းလိုချင်တာနဲ့ ဖိအားမပေးသင့်ဘူးလို့ ထင်ပါတယ်။ တကယ်အလုပ်ကို အလုပ်နဲ့တူအောင်လုပ်သလား၊ မလုပ်ဘူးလားလို့ပဲ စိစစ်သင့်တယ်။ အားပေးသင့်ပါတယ်။ တကယ်လုပ်ရဲ့သားနဲ့ ဆုမဝင်တော့ရော ဘာမှမဖြစ်ပါဘူး။ ကလေး အမှန်တကယ်တတ်သွားဖို့၊ ရသွားဖို့ပဲ အဓိက အခရာကျတယ်ဆိုတာ အားလုံးလက်ခံကျင့်သုံးရမှာ ဖြစ်ပါတယ်။ အဲဒီလိုသာလုပ်ပေးပါ။ ကျွဲကူးရေပါ အရာရာတိုးတက်အောင်မြင်ပါလိမ့်မယ်။

စာပေမှာ မထူးချွန်ပေမယ့် အတွေးအခေါ်ပိုင်းမှာ အားကောင်းတဲ့ကလေးတွေကို မွေးထုတ်ပြီးသားဖြစ်သွားပါလိမ့်မယ်။ စာဖတ်ဝါသနာ၊ စာရေးဝါသနာကို ကျောင်းက လေ့ကျင့်ပေးလိုက်တာနဲ့လည်း တူပါတယ်။ ဒီလိုလုပ်တာဟာ ကလေးရော၊ ဆရာရော အလုပ်အတူတူလုပ်မှ ရတာပါ။ ဆရာက ခပ်ဖျင်းဖျင်း၊ ခပ်ပျင်းပျင်း၊ ပျော့ညံ့ညံ့ ဆိုရင်လည်း မရနိုင်ပါဘူး။

**အနာဂတ်တိုင်းပြည်ကို ပညာနဲ့ တည်ဆောက်ယူမှသာလျှင်**

ဆရာမတို့ဟာ အနာဂတ်တိုင်းပြည်ကို ပညာနဲ့ တည်ဆောက်ယူမှသာလျှင် နိုင်ငံတိုးတက်လာပါလိမ့်မယ်။ လက်နက်နဲ့ တည်ဆောက်လို့မရပါဘူး။ ပညာနဲ့ တည်ဆောက်ဖို့ကလည်း ဆရာရော၊ ကျောင်းသားရော၊ မိဘရော အလုံးစုံ Quality ပြည့်စုံအောင် ပြုပြင်ဖြည့်စွမ်း အလုပ်လုပ်ကြမှသာ တည်ဆောက်နိုင်ပါလိမ့်မယ်။ သူငယ်တန်းကနေ တက္ကသိုလ်အထိ ပညာသင်ယူနေကြတဲ့ ကလေးလူငယ်အားလုံးဟာ တိုင်းပြည်ရဲ့လူသားသယံဇာတတွေ ဖြစ်ကြပါတယ်။ ပြီးပြည့်စုံ ပြည့်ဝတဲ့ လူသားသယံဇာတကို ထုတ်လုပ်နိုင်မှသာလျှင် အနာဂတ်တိုင်းပြည်တိုးတက်လာနိုင်ပါလိမ့်မယ်။

ပညာရေးဌာနဟာ အခြားဌာနနဲ့ မတူကွဲပြားခြားနား၊ အရေးကြီးတာကိုလည်း သိဖို့လိုပါတယ်။ ဌာနတွင်း ဆရာ ဆရာမတွေဟာ နိုင်ငံအတွက် အရေးပါတဲ့အခန်းကဏ္ဍမှ အဓိကမဏ္ဍိုင်၊ ပင်စည်ပင်မများ ဖြစ်ကြပါတယ်။ ဆရာပျက်ရင် ကလေးပျက်ပါမယ်။ ဆရာက အဂတိလိုက်လို့ မရဘူး။ ကျောက သားလည်းသား၊ ရင်က သားလည်းသား တစ်ပြားတည်း၊ တစ်သားတည်းဖြစ်နေရပါမယ်။

ကလေးပျက်ရင် တိုင်းပြည်ပျက်မယ်ဆိုတာကို သတိရှိရှိ သတိကြီးကြီးထားကြရပါမယ်။ ဒီနေရာမှာ စကားစပ်အနေနဲ့ ထည့်ပြောလိုတာက ဆရာမအလုပ်လုပ်ခဲ့စဉ်က (သုည)ရတဲ့ ကလေးကို မအောင်မနေရ စနစ်ကြောင့် ကိုယ့်လက်ရေးနဲ့ ဖြည့်စွက်ရေးပေးခဲ့ရတယ်၊ ကိုယ့်ဘာသာ မင်နီနဲ့ အမှန်ခြစ်ပေးရ၊ အောင်တယ် လုပ်ပေးလိုက်ရတယ်။ အရှုံးဆရာမဘဝကို ရင်နာနာနဲ့ ဖြတ်သန်းခဲ့ရဖူးတယ်။

ယခုအခြေအနေမှာ လူငယ်တွေရဲ့ အမှားအချို့ကို ကြည့်မိရင်း ကိုယ့်ပယောဂရော ကင်းရဲ့လားဆိုပြီး ကြေကွဲစရာဖြစ်လာပါတယ်။ အဲတော့ဘာဖြစ်သလဲ။ ဆရာ ဆရာမတွေက ဘာမှမဖြစ်ပါဘူး။ လစာရတာပဲလေ။ တပည့်ကတော့ အသက်ရှင်လျက် ဦးနှောက်သေသွားကြလေရဲ့။ အချို့ ဘဝသေသွားကြရတယ်။ ဒါကြောင့် ဒါတွေ မဖြစ်သင့်တော့ပါဘူး။

ငါတို့သည် ငါတို့ တိုင်းပြည်နဲ့လူမျိုးကို ချစ်ရမည်။

ငါတို့ တိုင်းပြည်နဲ့လူမျိုးကောင်းစားဖို့၊ သားစဉ်မြေးဆက် ကြီးပွားတိုးတက်ဖို့ ငါတို့မှာ တာဝန်ရှိသည်။

မိဘဆိုတာက "ဘဝဆရာ" ဖြစ်တယ်။ ဆရာဆိုတာက "လောကဆရာ" ဖြစ်တယ်။

"လောကဆရာ" ကလည်း "ဘဝဆရာ" နဲ့မခြား မိမိတို့ဆီရောက်လာတဲ့တပည့်ကို "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့" ဖြင့် ဆရာ့ကျင့်ဝတ်နဲ့အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ပြုစုပျိုးထောင်ပေးကြရမှာသာ ဖြစ်ပါတယ်။

ဆရာဟာ မိမိတပည့်တွေကို စိတ်ရှည်၊ သည်းခံ၊ တတ်သိကျွမ်းကျင်အောင် သင်ကြားပို့ချခြင်း၊ လိုအပ်ရာရာကို အမြဲဆုံးမသွန်သင်ခြင်း၊ ကျန်းမာရေးကအစ ဘေးရန်အပေါင်းကိုကာကွယ်စောင့်ရှောက်ပေးခြင်းများ ပြုကြရပါမယ်။ တပည့်များရဲ့ အထုံ၊ ဝါသနာ၊ စရိုက်၊ ပါရမီဓာတ်ခံ၊ စိတ်ပါဝင်စားမှုတို့နဲ့အညီ သင့်ရာလျော်ရာတွေ ရရှိသွားအောင် ပညာရေးလမ်းညွှန်မှု၊ သက်မွေးဝမ်းကျောင်းလမ်းညွှန်ပေးခြင်း ( Educational guidance and vocational guidance) စသည်တို့ကို မုချမသွေ ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

**သမိုင်းပေးတာဝန်ကို ကျေပွန်စွာ**

သည်သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရပါမယ်။ မည်သည့်ပါတီ၊ ပုဂ္ဂိုလ်ရေးတွေကို စဉ်းစားပြီး အလုပ်လုပ်ဖို့မလိုပါဘူး။ နိုင်ငံရေးဆိုတာ မတည်ငြိမ်တဲ့ ပြောင်းလဲမှုဖြစ်စဉ်တစ်ခုဖြစ်တယ်။ အမြဲတည်ငြိမ်နေမှာက အမိနိုင်ငံတော်သာ ဖြစ်ပါတယ်။ နိုင်ငံကို ပညာဖြင့်သာ ကျေးဇူးပြုကြရမှာဖြစ်ပါတယ်။ ဆရာ ဆရာမတွေဟာ တိုင်းပြည်အုပ်ချုပ်သူအတွက် အလုပ်လုပ်နေတာမဟုတ်ဘူး။ လစ်ဘရယ်ဒီမိုကရေစီစနစ်မှာ အနိုင်ရပါတီခေါင်းဆောင်အတွက် အလုပ်လုပ်နေတာ မဟုတ်ဘူး။ နိုင်ငံတော်အတွက် အလုပ်လုပ်နေတာသာ ဖြစ်ကြပါတယ်။ အနီကြောင်၊ အစိမ်းကြောင်၊ နိုင်ငံရေးယောင်ယောင်တွေနဲ့ အဂတိလိုက်မိလျက်သားဖြစ်ပြီး ကလေးကို ခွဲခြားဆက်ဆံတာမျိုး မလုပ်မိကြစေနဲ့။ ဆရာ့သိက္ခာ ဆရာ့ဂုဏ်ကို မဖျက်မိကြပါစေနဲ့လို့ အထူးသတိပေးလိုက်ပါတယ်။

ရှေးရှေးက ပညာမင်းကြီးဦးကောင်း၊ ဦးဖိုးကျားစတဲ့ ဆရာ့ ဆရာကြီးတွေဟာ အင်္ဂလိပ်လက်အောက်မို့ ကျွန်စာမို့ စာမသင်ခဲ့ကြရင် ယနေ့ခေတ် ပညာရေးကို လက်ဆင့်ကမ်းနိုင်မှာတောင် မဟုတ်ပါဘူး။

ပညာကို ပညာလို့မြင်၊ ပညာလို့သင်၊ ပညာလို့သိပြီး ခံယူချက်မှန်မှန်နဲ့ လေ့လာသင်ကြားပေးခဲ့ကြလို့သာ လက်ဆင့်ကမ်းပညာအမွေကို ဆက်ခံနိုင်ခဲ့ကြခြင်းဖြစ်ပါတယ်။ သမိုင်းတွေ စနစ်တွေ ဘယ်လိုပြောင်းပြောင်း၊ ခေါင်းဆောင်တွေ ဘယ်လိုပြောင်းပြောင်း၊ တိုင်းပြည်နဲ့ လူမျိုး အကျိုးအတွက်သာ အလုပ်လုပ်နေသည်ဆိုတဲ့ ခံယူချက်အမှန်၊ စေတနာအမှန်၊ အနစ်နာခံ ဝါသနာ အရင်းခံဖြင့်သာ မိမိရဲ့ပညာ ပါရမီဖြည့်ဆည်းလျက် လျှောက်လှမ်းနိုင်ကြရပါမယ်။

အထူးသဖြင့် ဆရာဟာ တပည့်များအပေါ် "မေတ္တာ"၊ "ကရုဏာ"၊ "ထက်သန်လှသောစေတနာ" များကို လက်ကိုင်ထားပြီး ဆရာ့ "ဝါသနာ"၊ ဆရာ့ "စိတ်ထား" ဖြင့် တပည့်အများ လိမ္မာရေးခြားရှိအောင်၊ လူကောင်းလူတော်တွေဖြစ်လာအောင်၊ နိုင်ငံသားကောင်း ရတနာတွေဖြစ်လာအောင်၊ နိုင်ငံတော်က အားကိုးအားထားရသူတွေဖြစ်လာအောင်၊ ကောင်းစွာဆိုဆုံးမလမ်းညွှန်ခြင်းများ ပြုကြရပါမယ်။

ဒီလို ဘက်စုံဖွံ့ဖြိုးလာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရင်း အနာဂတ်နိုင်ငံတော်ကို ပညာဖြင့် ဝိုင်းဝန်းတည်ဆောက်ယူကြပါလို့ မေတ္တာစကားလက်ဆောင် စာလက်ဆောင်ပါး ရေးသားလိုက်ရပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မော်လမြိုင်တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မော်လမြိုင်တက္ကသိုလ်သို့ရောက်ရှိပြီး စာသင်ခန်းများ၌ အေးချမ်းစွာပညာသင်ယူနေသော ကျောင်းသားကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်တက္ကသိုလ်ဘက်စုံခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး သုတေသနလုပ်ငန်းသည် တက္ကသိုလ်၏ အသက်သွေးကြောဖြစ်၍ မိမိတို့၏ သင်ကြားရေးတာဝန်များသာမက မိမိတို့တက္ကသိုလ် သုတေသနကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအကျိုးပြုမည့် သုတေသနလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ သင်ကြားရေးတာဝန်များ ဆောင်ရွက်ကြရာတွင် အမှန်တကယ်ကျွမ်းကျင်တတ်မြောက်သူများဖြစ်အောင် စေတနာအပြည့်ထား၍ သင်ကြားပေးစေလိုကြောင်း၊ သက်ဆိုင်ရာဘာသာရပ်အလိုက် ဘာသာရပ်ဆိုင်ရာ အသိပညာ အတတ်ပညာ အတွေးအခေါ် အယူအဆ အမှန်တကယ်တတ်သိနားလည်အောင် ကြိုးပမ်းသင်ကြားပေးစေလိုကြောင်း မှာကြားကာ တက္ကသိုလ်၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်၏ လိုအပ်ချက်များကို ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စာသင်ခန်းအတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း၌ ပြည်နယ်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ မြို့ပေါ်ရှိ ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပြီး သင်ကြားသင်ယူမှုကိစ္စရပ်များ၊ စီမံကိစ္စရပ်များအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင် ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံကာ သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုအချိန်တွင် ဆရာဖြစ်သင်တန်းတက်ရောက်နေသည့်အတွက် သင်တန်းသားဖြစ်သော်လည်း နောင်တွင်ဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည့်သူများဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုကတည်းက မိမိတို့ကိုယ်တိုင် ထူးချွန်သူများဖြစ်အောင်၊ ဘာသာရပ်ဆိုင်ရာများတွင် အမှန်တကယ်တတ်ကျွမ်းသူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး သားငါးကဏ္ဍ GDP တိုးတက်လာစေရန်နှင့် အသားစားသုံးမှု ဖူလုံစေရန်အတွက် လက်ရှိမွေးမြူသူများကို နိုင်ငံတော်မှ မတည်ထောက်ပံ့ငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မွေးမြူသူများ အမှန်တကယ် မွေးမြူနိုင်ရေးနှင့် သွင်းအားစုများ မျိုးကောင်းမျိုးသန့်များ၊ အစာအစာများ ထောက်ပံ့ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် စဉ်ဆက်မပြတ် ကွင်းဆင်းကြည့်ရှုပြီး ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်စေလိုကြောင်း၊ နေပြည်တော်အတွင်းရှိ ဆန်စက်၊ ဆီစက် စသည့်စက်ရုံများမှထွက်ရှိသည့် ကုန်ကြမ်းဘေးထွက်ပစ္စည်းများမှ သဘာဝမြေသြဇာနှင့် တိရစ္ဆာန်အစားအစာများထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လက်ရှိစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများကို အားသာချက်၊ အားနည်းချက်များ ဖော်ထုတ်ပြီး တိုးတက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**အောင်မြင်စွာကျင်းပနိုင်ရေး**

အလားတူ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်များ အရောင်းပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် MSME လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် One Region One Product အဓိကထုတ်ကုန် အပါအဝင် အခြားသောထုတ်ကုန် အမျိုးမျိုးကို ပူးပေါင်းပါဝင်ခင်းကျင်း ပြသခြင်းဖြင့် မိမိတို့ ထုတ်ကုန်များ အချင်းချင်းပညာရပ်ဆိုင်ရာ ဖလှယ်နိုင်ခြင်း၊ ပြည်သူများ ပြည်တွင်းဖြစ်ကို ပိုမိုဝယ်ယူအားပေးလာနိုင်ခြင်း၊ လုပ်ငန်းများအတွက် အကြံဉာဏ်အတွေးအခေါ်ကောင်းများ ရရှိစေခြင်းစသည့် ရည်ရွယ်ချက်များဖြင့် MSME ပြခန်းများ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသထွက် ထုတ်ကုန်များ၊ အစားအစာများ ပြည်သူများသို့ သင့်လျော်သည့် ဈေးနှုန်းများဖြင့် ရောင်းချနိုင်ရေး၊ One Region One Product ထုတ်ကုန်အပါအဝင် MSME ထုတ်ကုန်များအား စုံလင်စွာခင်းကျင်းပြသ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်များ ခင်းကျင်းပြသရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များ၊ ဆပ်ကော်မတီများက အောင်မြင်အောင်ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများ၊ ဒေသထွက် MSME ထုတ်ကုန်များနှင့် အစားအစာများ ခင်းကျင်းပြသရောင်းချမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဒုတိယမြို့တော်ဝန်တို့က ရှင်းလင်းဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ – ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး GREAT CAlRO CLUB စီစဉ်သော GCC FIGHT ONE မှ မြန်မာ–ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

**အလဲထိုး**

အဆိုပါ မြန်မာ– ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ထွန်းမင်းအောင်(မြန်မာ)၏ပြိုင်ဘက် အသက် ၂၈ နှစ်အရွယ် Taksila Kamsing(ထိုင်း) သည် ကမ္ဘောဒီးယား 72 KG တန်း ချန်ပီယံ ဆော့ဗင်ဟောင်းကို အလဲထိုးထားသည့် မွေ့ထိုင်းမောင်တစ်ဦးဖြစ်သည်။

ထိုင်းနိုင်ငံ နာရာထီဝပ်ပြည်နယ်သား Taksila သည် WMC ၏ 2018 Tournament ချန်ပီယံ၊ 2019 lumpinee Stadium ၏ ချန်ပီယံဆု၊ Rajadamnern Stadium ၏ ချန်ပီယံဆု၊ MASA ၏ 2021 J – Middle weight champion ဆု အစရှိသည့်ဆုတံဆိပ်ပေါင်းများစွာကို ဆွတ်ခူးပိုင်ဆိုင်ထားသူ မွေ့ထိုင်းထိပ်သီးဖိုက်တာတစ်ဦးဖြစ်သည်။

Taksila ပရိဘာဝ နှင့်ပရိမတိုင်မီဘာဝ ထိုးသတ်ပွဲစုစုပေါင်း ၉၄ ပွဲရှိပြီး ၇၂ ပွဲတိတိ အနိုင်ရထားသူ ထိပ်တန်းဖိုက်တာတစ်ဦးဖြစ်သည်။ မွေ့ရိုးရာရှစ်သွယ်ကို ကျေညက်လှပစွာ ဆော့ကစားနိုင်သူဖြစ်ပြီး ပြင်းထန်တိကျလှသော ဖြောင့်လက်သီး၊ ညာဝိုက်လက်သီးများကို ပိုင်ဆိုင်ထားသူ မွေ့ရိုးရာမောင်တစ်ဦးဖြစ်သည်။

ထွန်းမင်းအောင် တွေ့ဆုံခဲ့ဖူးသော နေထူးထူး၊ တိုခဲရှိတို့ကဲ့သို့သော ဖိုက်တာကြီးများကို အစီးထိုး တူတူတန်တန်ထိုးသတ်ထားနိုင်ပြီး အောင်ခိုင်ကဲ့သို့သော ပညာဂုဏ်၊ မာဂုဏ်၊ သဘာဂုဏ် မြင့်မားလှသူ ပထမတန်းလက်ဝှေ့ကျော်ကြီးကို အနိုင်ထိုးနိုင်ခဲ့သူ ထွန်းမင်းအောင်အနေဖြင့် တာစီလာပန်လို မွေ့ထိုင်းအကျော်အမော်တစ်ဦးအပေါ် ထပ်မံ၍ အနိုင်ရမည်ဆိုပါက မြန်မာပြည်ထိပ်တန်းတစ်ဦးဦးကို စိန်ခေါ်ထိုးသတ်ရန်သာ ကျန်ပေတော့သည်။

**ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်**

ထို့ပြင် သန့်ဇင်(မြန်မာ)နှင့် Vachvicha(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ မြန်မာ – ထိုင်းပြိုင်ပွဲနှင့်အတူ ပြည်တွင်းပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ပြီးဝင်ကြေးကျပ်တစ်သောင်း၊ နှစ်သောင်း၊ သုံးသောင်း၊ ငါးသောင်း သတ်မှတ်ထားကြောင်း သိရသည်။ **အာကာစိုး**

# ဂါဇာဒေသ၌ ပါလက်စတိုင်းသေဆုံးသူ ၂၃၇၀၈ ဦးအထိရှိလာ



**ဂါဇာ ဇန်နဝါရီ ၁၂**

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် သေဆုံးသူ ပါလက်စတိုင်းဦးရေမှာ ၂၃၇၀၈ ဦးအထိရှိလာပြီဟု ဂါဇာဒေသ ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၁ ရက်တွင် ပြောသည်။

ဇန်နဝါရီ ၁၂ ရက်က အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၁၂ ဦး သေဆုံးခဲ့ကာ ဒဏ်ရာရရှိသူ ၁၉၄ ဦးရှိသည်ဟု ဂါဇာဒေသ ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အရှရက်ဖ်အယ်ကာဒရာက ပြောသည်။

အစ္စရေးနှင့်ဟားမားစ်တို့ တိုက်ပွဲများ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ပါလက်စတိုင်းတို့ဘက်မှ ဒဏ်ရာရရှိသူ ၅၉၆၀၄ ဦးရှိပြီး ၎င်းတို့ထဲမှ ၆၂၀၀ မှာ ဂါဇာဒေသအပြင်ဘက်တွင် ကုသမှုခံယူရန် အရေးပေါ်လိုအပ်နေသူများဖြစ်ကြသည်ဟု ၎င်းက ဆက်ပြောသည်။ ဂါဇာကမ်းမြောင်ဒေသတောင်ဘက်ပိုင်းရှိ ဆေးရုံများ၏အခြေအနေမှာလည်း ဒဏ်ရာရလူနာများ ပြည့်ကျပ်နေခြင်းနှင့် ထောင်နှင့်ချီသည့် လူအုပ်ကြီး ပြောင်းရွှေ့လာမှုတို့ကြောင့် အခြေအနေဆိုးရွားလျက်ရှိသည်။

ကပ်ဘေးကြီးမဖြစ်ပေါ်မီ ရွှေ့ပြောင်းနေထိုင်သူများအတွက် ရေ၊ စားနပ်ရိက္ခာနှင့် အမိုးအကာများ ထောက်ပံ့ပေးရန် ကုလသမဂ္ဂအဖွဲ့အစည်းများအား တောင်းဆိုခဲ့သည်။

ဆင်ဟွာ

# ယီမင်နိုင်ငံမှ ဟူသီသူပုန်များနှင့်ဆက်စပ်မှုရှိသည့်ပစ်မှတ်များကို အမေရိကန်နှင့်ဗြိတိန်တို့ တိုက်ခိုက်

**အေဒင် ဇန်နဝါရီ ၁၂**

အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များသည် ယီမင်အစိုးရကို ဆန့်ကျင်နေသည့် ဟူသီသူပုန်အုပ်စုနှင့် ဆက်စပ်မှုရှိသည့် ပစ်မှတ်များကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။



ပင်လယ်နီဒေသ၌ သွားလာနေသည့် သင်္ဘောတစ်စင်းပေါ်တွင် ဟူသီသူပုန်များကို ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက တွေ့ရစဉ်။

ပူးတွဲတိုက်ခိုက်မှုမှာ အောင်မြင်မှုရရှိခဲ့ကြောင်း ဇန်နဝါရီ ၁၁ ရက်တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။ ပင်လယ်နီဒေသ ကုန်တင်သင်္ဘောကြီးများ သွားလာမှုကို ဟူသီသူပုန်များက နှောင့်ယှက် တိုက်ခိုက်မှုများ ပြုလုပ်သည့်အတွက် လက်တုံ့ပြန်သည့်အနေဖြင့် ယခုလို တိုက်ခိုက်မှုများပြုလုပ်ရခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုနှင့် ကမ္ဘာ့အရေးပါဆုံး ရေလမ်းကြောင်းတွင် ပင်လယ်ရေကြောင်းသွားလာမှုကို ခြိမ်းခြောက်နေသည့် ဟူသီသူပုန်များကို ဟန့်တားရန်နှင့် ဟူသီသူပုန်များ၏ လုပ်နိုင်စွမ်းကို လျှော့ချရန်အတွက် ယခုလို တိုက်ခိုက်မှု ပြုလုပ်ရခြင်းဖြစ်ကြောင်း ဂျိုးဘိုင်ဒင်၏ အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။ ဒုံးကျည်များ၊ ရေဒါများနှင့် မောင်းသူမဲ့လေယာဉ်များကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောသည်။

ဟူသီ သူပုန်များသည် ပင်လယ်နီတွင် သွားလာနေသည့် ကုန်တင် သင်္ဘောကြီးများကို အကြိမ်ကြိမ် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသ အစ္စရေးတို့ကို ဆန့်ကျင်တိုက်ခိုက်နေသည့် ဟားမားစ်တို့ကို ထောက်ခံကြောင်းပြသသည့်အနေဖြင့် ပင်လယ်နီတွင် ယခုလို တိုက်ခိုက်မှု ပြုလုပ်ရခြင်းဖြစ်ကြောင်း ဟူသီတို့က ပြောသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၁၉ ရက်မှစတင်ကာ ဟူသီတို့ဘက်မှ တိုက်ခိုက်မှုပေါင်း ၂၇ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်ဟု အမေရိကန် ဗဟိုကွပ်ကဲရေးဌာနက ပြောသည်။ ဇန်နဝါရီ ၁၁ ရက်က ပြုလုပ်ခဲ့သည့် ပူးတွဲတိုက်ခိုက်မှုမှာ ဟူသီအုပ်စုကို ပစ်မှတ်ထားကာ အမေရိကန်တပ်မှ ပထမဆုံးအကြိမ် တိုက်ခိုက်မှုလည်းဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်က အမေရိကန်နှင့် ၁၂ နိုင်ငံပါဝင်သည့် အုပ်စုသည် ဟူသီသူပုန်များကို ဖြစ်ပေါ်လာသည့်အကျိုးဆက်များအတွက် ခံစားရမည်ဟု သတိပေးခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# မွန်ဂိုလီးယားနိုင်ငံ၌ နှင်းထူထပ်စွာကျရောက်မှုကြောင့် ကားအတွင်း မိသားစုဝင် လေးဦးသေဆုံး

**အူလန်ဘာတာ ဇန်နဝါရီ ၁၂**

မွန်ဂိုလီးယားနိုင်ငံ အရှေ့ပိုင်း၌ နှင်းထူထပ်စွာ ကျရောက်မှုကြောင့် ကားအတွင်း ပိတ်မိခဲ့ပြီး ကလေးနှစ်ဦးအပါအဝင် လေးဦးသေဆုံးကြောင်း နိုင်ငံ၏အမျိုးသားအရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီက ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

ဆတ်ဘာတာပြည်နယ် ဒါရီဂန်ဂါခရိုင် ကျေးလက်ဒေသရှိ ၎င်းတို့၏ အိမ်ပြန်လမ်း၌ နှင်းထုအတွင်း နစ်မြုပ်သွားကြောင်း၊ သေဆုံးသူအားလုံးမှာ မိသားစုဝင်များဖြစ်ကြပြီး ၎င်းတို့ရုပ်အလောင်းများကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက ကားအတွင်း တွေ့ရှိကြောင်း အရေးပေါ်အေဂျင်စီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံရှိပြည်နယ် အများစုမှာ ယခုနှစ်ဆောင်းရာသီအတွင်း ဆိုးရွားသည့်ရာသီဥတုနှင့် ကြုံတွေ့ခဲ့ရပြီး ယခုအခါ နိုင်ငံ၏ ၉၀ ရာခိုင်နှုန်းဝန်းကျင်မှာ နှင်းများ ဖုံးလွှမ်းခဲ့ကြောင်း နိုင်ငံ၏ မိုးလေဝသစောင့်ကြည့်ရေးအေဂျင်စီက ပြောကြားသည်။



လာမည့် ရက်များအတွင်း နိုင်ငံ၏အနှံ့အပြားတွင် နှင်းထူထပ်စွာကျရောက်ခြင်းနှင့် နှင်းမုန်တိုင်းများ ဖြစ်ပေါ်နိုင်မည်ဟု ခန့်မှန်းထားပြီး လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၁၈ မီတာမှ ၂၄ မီတာအထိ ခန့်မှန်းထားကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားသည်။ ဖြစ်နိုင်ခြေရှိသည့် ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရန် ပြည်သူများအား တိုက်တွန်းထားသည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း ခရီးသွား နှစ်သန်း ဝင်ရောက်ရန် ရည်မှန်းထား

**ကိုလံဘို ဇန်နဝါရီ ၁၂**

သီရိလင်္ကာနိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားနှစ်သန်းကို ဆွဲဆောင်မည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းမှ ခန့်မှန်းခြေဝင်ငွေမှာ အမေရိကန်ဒေါ်လာ ခြောက် ဘီလီယံရှိရန် ပြည်နယ်ခရီးသွားလာရေးဝန်ကြီးက ခန့်မှန်းထားသည်။

ယခုနှစ်အတွင်း နိုင်ငံအတွင်းသို့ ခရီးသွားခုနစ်သိန်းကျော် လာရောက်လည်ပတ်ခဲ့ပြီး ၂၀၂၃ ခုနှစ်က ခရီးသွား ၁ ဒသမ ၄ သန်းကျော် လာရောက်လည်ပတ်ခဲ့ရာ ၂၀၂၂ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၁၀၆ ရာခိုင်နှုန်း သိသိသာသာတိုးလာကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံအတွင်း ခရီးသွားလုပ်ငန်းကို ပိုမိုမြှင့်တင်ရန် စီမံချက်များ ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးက ပြောသည်။ ၂၀၂၃ ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံ၌ ခရီးသွားလုပ်ငန်းမှ ဒေါ်လာ နှစ်ဘီလီယံရရှိကြောင်း နိုင်ငံ၏ဗဟိုဘဏ်အချက်အလက်များအရ သိရသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ အီရှီခါဝါပြည်နယ်တွင် ဇန်နဝါရီ ၁ ရက်က လှုပ်ခဲ့သည့် ငလျင်ကြောင့် သေဆုံးသူ ၂၁၅ ဦးအထိတိုးလာ

**တိုကျို ဇန်နဝါရီ ၁၂**

ဂျပန်နိုင်ငံအလယ်ပိုင်း အီရှီခါဝါပြည်နယ်နှင့် အနီးတစ်ဝိုက်တွင် ပြင်းအား ၇ ဒသမ ၆ အဆင့်ရှိ အင်အားပြင်းငလျင်များ ဆက်တိုက်လှုပ်ခဲ့ပြီးနောက် ဇန်နဝါရီ ၁၂ ရက်အထိ သေဆုံးသူပေါင်း ၂၁၅ ဦးအထိ တိုးလာကြောင်း ဒေသတွင်းမီဒီယာများက ထုတ်ပြန်ထားသည်။

အဆိုပါငလျင်မှာ ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီက လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ကြောင့် ပျောက်ဆုံးနေသူ ၂၈ ဦးရှိပြီး ဒဏ်ရာရရှိသူ ၅၇၇ ဦးရှိကြောင်း သိရသည်။ ငလျင်ဒဏ်ဆိုးရွားစွာခံခဲ့ရသည့် ဝဂျီမာနှင့် ဆူဇူမြို့တို့ရှိ နေရာလေးနေရာ၌ ယာယီအိမ် ၁၁၅ လုံးကို ပြည်နယ်အစိုးရက ဆောက်လုပ်ပေးနေပြီး တစ်လအတွင်း ပြီးစီးရန် ရည်မှန်းကြောင်း သိရသည်။

ဆင်ဟွာ

# ကွန်ဂိုနိုင်ငံ၌ ရေကြီးမှုဖြစ်ပွားပြီးနောက် ကပ်ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သတိပေး

**ဘရက်ဇာဘယ်လီ ဇန်နဝါရီ ၁၂**

ကွန်ဂိုနိုင်ငံ၌ လွန်ခဲ့သည့်ရက်သတ္တပတ်များက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများဖြစ်ပွားပြီးနောက် ရေကြောင့်ကူးစက်ရောဂါဖြစ်ပွားနိုင်သည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇန်နဝါရီ ၁၂ ရက်တွင် သတိပေးထားသည်။

ကွန်ဂိုနိုင်ငံ၌ ရေကြီးမှုကြောင့် လူပေါင်း ၃၃၆၀၀၀ ကျော်အတွက် အရေးပေါ်လူသားချင်းစာနာမှုအကူအညီလိုအပ်လျက်ရှိပြီး ယခုအခါ နိုင်ငံအတွင်း ကာလဝမ်းရောဂါ၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝက်သက်ရောဂါများကဲ့သို့သော ရောဂါဖြစ်ပွားမှုအန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း မြို့တော်ဘရက်ဇာဘယ်လီအခြေစိုက် အာဖရိကဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးဒေသဆိုင်ရာရုံးက ပြောကြားသည်။

ရေကြီးမှုကြောင့် ကျန်းမာရေးဆိုင်ရာအဆောက်အအုံ ၃၄ ခု၊ ကျောင်းပေါင်း ၁၂၀ နှင့် နေအိမ် ၆၄၀၀၀ ကျော် ပျက်စီးခဲ့ပြီး လူပေါင်း ၃၀၀ ထက်မနည်းသေဆုံးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တောင်ကြီးခရိုင်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**တောင်ကြီး ဇန်နဝါရီ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်တို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဟိုပုံးမြို့ သာသနာ့ဗိမာန်ရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကား ပြောကြားသည်။



**ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရေး**

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သော Smart အထည်ချုပ်စက်ရုံမှ ထုတ်လုပ်သည့် ကျား/ မအင်္ကျီများ၊ ကိုယ်တိုက် ဆပ်ပြာများ၊ အသက် ၇၀ နှစ်နှင့်အထက်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် ၅ နှစ် အောက်ကလေးများ အား လူမှုရေးအထောက်အပံ့အဖြစ် ထောက်ပံ့ငွေများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့တို့ကထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥတို့ကို လူဦးရေအလိုက်၊ အိမ်ထောင်စု အလိုက် ထောက်ပံ့ပေးအပ်ကြပြီး ယာယီတိုက်ပွဲရှောင် ပြည်သူများထဲမှ အငြိမ်းစားဝန်ထမ်းများ အငြိမ်းစား လစာထုတ်ယူနိုင်ရေး၊ ဆေးတက္ကသိုလ်အပါအဝင် တက္ကသိုလ်များ၊ စာသင်ကျောင်းများတွင် ကျောင်း သား ကျောင်းသူများ ဆက်လက်ပညာသင်ကြားရေး၊ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရေးတို့ အတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ဟိုပုံးမြို့ လုမ္ဗနီဘုန်းတော်ကြီးကျောင်းနှင့် တောင်ကြီးမြို့ တောင်ကျောင်းကြီး ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ဆရာတော် သံဃာတော်များအား ဖူးမြော်ကန်တော့ကာ ယာယီတိုက်ပွဲရှောင်ပြည်သူ များအား အဝတ်အထည်၊ ကိုယ်တိုက်ဆပ်ပြာ၊ ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သူများအတွက် လူမှုရေးအထောက်အပံ့ငွေ၊ နယ်စပ်ရေးရာဝန်ကြီး ဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့ သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ တို့ကို လူဦးရေအလိုက်၊ အိမ်ထောင်စုအလိုက်ပေးအပ် ထောက်ပံ့ပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများကို နွေးထွေးရင်းနှီးစွာ တွေ့ဆုံအားပေးစကား ပြောကြား သည်။

**စားနပ်ရိက္ခာများကိုထောက်ပံ့**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် တောင်ကြီး မြို့ ကရင်နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ သွားရောက်၍ အဝတ်အထည်၊ ဆပ်ပြာ၊ ထောက်ပံ့ ငွေ၊ စားနပ်ရိက္ခာများကိုထောက်ပံ့ပြီး ယာယီတိုက်ပွဲ ရှောင်ပြည်သူများကို အားပေးစကားများ ပြောကြား ကြသည်။

ယာယီတိုက်ပွဲရှောင် ပြည်သူများအတွက် ထောက်ပံ့မှုများအနေဖြင့် ဟိုပုံးမြို့နယ်တွင် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟိုပုံးမြို့နယ်၊ ဆီဆိုင် မြို့နယ်၊ ပင်လောင်းမြို့နယ်များမှ ယာယီတိုက်ပွဲ ရှောင်ပြည်သူ အိမ်ထောင်စု ၂၉၆၆ စုရှိ လူဦးရေ ၁၁၄၅၀ အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အဝတ် အထည်နှင့်ဆပ်ပြာ တန်ဖိုးငွေကျပ်သိန်း ၁၅၀၀ ခန့်၊ လူမှုရေးထောက်ပံ့ငွေ လူဦးရေ ၁၂၆၁ ဦးအတွက် ငွေကျပ် ၃၇၈ သိန်းကျော်၊ နယ်စပ်ရေးရာဝန်ကြီး ဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ဆန်၊ ဆီ၊ ဆား၊ ပဲခေါက်ဆွဲခြောက်၊ ကြက်ဥ စသည့်စားနပ်ရိက္ခာ ထောက်ပံ့မှု ငွေကျပ် ၈၈၁ သိန်းကျော်တို့ကို ထောက်ပံ့ ခဲ့ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ထောက်ပံ့မှု စုစုပေါင်းငွေကျပ် ၂၇၅၉ သိန်းဖြစ်သည်။

တောင်ကြီးခရိုင်အတွင်းရှိ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့နယ်၊ ရွှေညောင်မြို့နယ်၊ ကျောက် တစ်လုံးကြီးမြို့နယ်၊ ရပ်စောက်မြို့နယ်အတွင်းမှ တိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၁၃၂၅ စုမှ လူဦးရေ ၅၀၇၃ ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အဝတ်အထည်နှင့် ဆပ်ပြာတန်ဖိုးငွေကျပ် ၆၆၄ ဒသမ ၅ သိန်းခန့်၊ လူမှုရေးထောက်ပံ့ငွေမှာ လူဦးရေ ၅၅၄ ဦးအတွက် ငွေကျပ် ၁၆၆ ဒသမ ၂ သိန်း၊ နယ်စပ် ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ဆန်၊ ဆီ၊ ဆား၊ ပဲခေါက်ဆွဲခြောက်၊ ကြက်ဥ စသည့် စားနပ်ရိက္ခာထောက်ပံ့မှု ငွေကျပ် ၃၉၃ သိန်းကျော် တို့ကို ထောက်ပံ့ခဲ့ရာ တောင်ကြီးခရိုင်အတွက် ထောက်ပံ့မှုစုစုပေါင်းငွေကျပ် ၁၂၂၃ ဒသမ ၇ သိန်း ဖြစ်သည့်အတွက် ယနေ့ ထောက်ပံ့မှုစုစုပေါင်းမှာ ငွေကျပ် ၃၉၈၃ သိန်းခန့်ဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ အသက် ၈၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေများပေးအပ်



**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့မှ အသက် ၈၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ အား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာန ချုပ်ညီလာခံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှု ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ် ကြီး စိန်ဝင်း(အငြိမ်းစား)က ယခင် က အသက် ၇၅ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့်တစ်ကြိမ် ထောက်ပံ့ပေး ခဲ့ပြီး ယခု ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာ ရေးနှစ်မှစတင်၍ အသက် ၈၀ နှစ် နှင့်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တိုးမြှင့်ထောက်ပံ့ ပေးခြင်း ဖြစ်ကြောင်း ပြော ကြားသည်။ (ယာပုံ)

**ထောက်ပံ့ပေးအပ်**

ထို့နောက် ဗဟိုအမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား) က နေပြည် တော်စစ်မှုထမ်းဟောင်းကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ယုလွင် (အငြိမ်းစား) ထံသို့ ထောက်ပံ့ငွေ များ ထောက်ပံ့ပေးအပ်ခဲ့ပြီး အသက် ၈၀နှစ်နှင့်အထက် စစ်မှု ထမ်းဟောင်းအဖွဲ့ဝင် အငြိမ်းစား တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ငွေကျပ် ၅၀၀၀၀ နှုန်းပေးအပ်**

ယနေ့ အခမ်းအနားတွင် အသက်၈၀နှစ်နှင့်အထက် စစ်မှု ထမ်းဟောင်းအဖွဲ့ဝင် ၄၇၈၁ ဦး ကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၃၉ ဒသမ ၀၅ သန်းကို ထောက်ပံ့ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် **အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့**ကို ဂုဏ်ပြုသော အားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"အရှိန်အဟုန်ဖြင့် တိုးတက် ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည် ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ခြင်း၊ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်းနှင့် အမျိုးသမီး များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ် များကို ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ**စည်းကမ်းချက်များ**နှင့်အညီ ရေးသားပေးပို့ ယှဉ်ပြိုင် နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲသို့ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

( ခ ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသော ခေါင်းစဉ်အောက် မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

( ဂ ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသား ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font) စာလုံးအရွယ်အစား- ၁၄ (Font Size 14) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1'' ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည် ဖြစ်ပါသည်။

( င ) ပြိုင်ပွဲဝင်များပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင် ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး၊ ပေးပို့လာသည့် စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့်စာမူများ မဖြစ်စေရပါ။

( စ ) ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါးများအား ပြန်လည် ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးကို ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှု များနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင် သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆောင်းပါး စိစစ်ဆုရွေးချယ်ရေးဘုတ်အဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ် ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဆုများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုနှစ်ဆု စုစုပေါင်းငါးဆုကို ချီးမြှင့်မည်ဖြစ်ပြီး ထိုက်တန်သည့် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်စာမူနှင့်အတူ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုလွှာ၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ် ရေးကတ်ပြားအမှတ်နှင့် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ရောင်စုံဓာတ်ပုံ သုံးပုံ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံး အမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၄၂၅၁၊ ၀၉-၂၀၁၉၃၅၇၊ အီးမေးလ် dswwdd2022@gmail.com သို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ ညနေ ၅ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (အီးမေးလ်ဖြင့် ပေးပို့ပါက Word Document အပြင် PDF ဖတ်၍ ပေးပို့ပါရန်။)

သတ်မှတ်ရက်ကျော်လွန်ခြင်း သို့မဟုတ် သတ်မှတ်စည်းကမ်း ချက်များနှင့် မပြည့်စုံခြင်းစသည့် စာမူများကို ဆုရွေးချယ်ရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရရှိသူများကို ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီး များနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့၏ တတိယအကြိမ်အစည်းအဝေးနှင့် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ပထမအကြိမ်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

**အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲအစည်းအဝေးခန်းမ၌ ကျင်းပသည်။**



**ခိုးကူးဖြန့်ချိခြင်းတားဆီးရေး**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာတွင် အနုပညာဆိုင်ရာ ဆောင်ရွက်မှုတွင် အခြေအနေနှင့် ကိုက်ညီစွာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အွန်လိုင်းပလက်ဖောင်းတွင် ခိုးယူပြသနေသည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများကို ဥပဒေအရ ဖော်ထုတ် အရေးယူဆောင်ရွက်နိုင်မှုတွင်လည်း ထိရောက်အောင်မြင်မှုကို တွေ့ရှိရကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ရုပ်ရှင်ဇာတ်ကားများကို ဆင်ဆာမူဝါဒနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပြီး တရားမဝင်ခိုးကူး ဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

ရုပ်ရှင်ရုံအတွင်း ဖုန်းဖြင့် ဇာတ်ကားများ ခိုးကူးမှုတွင် စောင့်ကြည့်မှုနှင့်အတူ ရုပ်ရှင်ရုံများမှတာဝန်ရှိသူများနှင့် အနုပညာကို ပုံဖော်ဖန်တီးကြသည့် မူလပိုင်ရှင်များကလည်း ပူးပေါင်းကာကွယ်သွားရမည် ဖြစ်ကြောင်း၊ ထို့အပြင် ရုပ်ရှင်ရုံအတွင်းမှမြန်မာ့ရုပ်ရှင်များ ခိုးကူးနေမှုကို အများပြည်သူသိရှိနိုင်ရန် ရုပ်ရှင်ရုံအတွင်း အသိပညာပေးပြသခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခိုးကူးရုပ်ရှင်များ ဖြန့်ချိပြသနေမှု ထိန်းသိမ်းနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါကြောင်း၊ တရားမဝင် ခိုးယူဖြန့်ချိမှုပပျောက်ရန် မတရားမှုများကို ဝိုင်းဝန်းတိုက်ဖျက် သွားရမည်ဖြစ်ပြီး ပပျောက်သွားရန် မည်သို့ကာကွယ်သွားမည်ကို တက်ရောက်သူများက အကြံပြုဆွေးနွေးသွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်တားဆီးရေးအဖွဲ့ခွဲများ ဖြစ်ကြသည့် ဆက်သွယ်တိုင်ကြားနိုင်ရေး အဖွဲ့ခွဲ၊ စောင့်ကြည့်စိစစ်လေ့လာရေး အဖွဲ့ခွဲ၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေးအဖွဲ့ခွဲ၊ အရေးယူဆောင်ရွက်ရေးအဖွဲ့ခွဲ၊ အသိပညာပေးရေးအဖွဲ့ခွဲနှင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ တာဝန်ရှိသူများ၊ အွန်လိုင်းမှတက်ရောက်သူများက ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပါရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေးကို ဆက်လက်ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ဇန်နဝါရီ ၅ ရက် က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီအစည်းအဝေးကို နေပြည်တော်၌ကျင်းပခဲ့ရာ သက်ဆိုင်သည့်အဖွဲ့အစည်းများက ရန်ကုန်မြို့မှ Zoom ဖြင့် တက်ရောက်ခဲ့ကြကြောင်း၊ ယနေ့တွင် ထိုအစည်းအဝေး ဆုံးဖြတ်ချက်နှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် လုပ်ငန်းတို့ကို ပြည့်စုံစွာ ဆွေးနွေးသွားရန်ဖြစ်ကြောင်း၊ ဖျော်ဖြေရေး၊ အခမ်းအနားပြင်ဆင်ရေး အပါအဝင် ဆက်လက်လုပ်ဆောင်သွားမည့် အပိုင်းတို့ကို ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အွန်လိုင်းမှတက်ရောက်သူများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြမှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများ၏ ပြည်ပခရီးစဉ်အတွေ့အကြုံ ရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ပနိုင်ငံများ၌ ဖိုရမ်၊ ပြပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် လေ့လာရေးခရီးစဉ်များ သွားရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ ပြည်ပအတွေ့အကြုံရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အာဆီယံအလုပ်ရုံဆွေးနွေးပွဲတက်ရောက်**

ပြည်ပအတွေ့အကြုံရှင်းလင်းပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတက်ထွန်းတိုးက ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ကျင်းပပြုလုပ်သည့် သတင်းတု၊ သတင်းမှားတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဆွေးနွေးပွဲနှင့် မီဒီယာကဏ္ဍ၌ ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းခြင်းဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်များနှင့် စပ်လျဉ်းသည့် အာဆီယံအလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့သည့်အတွေ့အကြုံများကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးဝင်းထွဋ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်ရှန်မြို့၌ ရိုက်ကူးထုတ်လုပ်မည့် တရုတ်-မြန်မာ မီဒီယာ အင်တာဗျူး ပူးပေါင်းရိုက်ကူးရေးအစီအစဉ်သို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**အာဆီယံ-တရုတ်မီဒီယာဖိုရမ်တက်ရောက်**

ထို့နောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးသန့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် Seminar on Beidou Satellite Navigation System Technology and Application for Myanmar သို့ ပါဝင်တက်ရောက်ခဲ့သည့်အတွေ့အကြုံများကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီလွှာစိုးက ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီ ဘီဂါဝန်မြို့တွင် ကျင်းပပြုလုပ်သည့် (၅၈)ကြိမ်မြောက် အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခဲ့သည့်အတွေ့အကြုံများကိုလည်းကောင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာတည်းမှူးချုပ် ဦးဇော်နိုင်ဦးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi ပြည်နယ် နန်နင်းမြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် အာဆီယံ-တရုတ်မီဒီယာဖိုရမ်(2023 ASEAN-China Media Forum) သို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံများကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာ ဦးသန်းနိုင်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ရုပ်သံဖွံ့ဖြိုးမှုနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံများကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးအောင်အောင်ဦးက မလေးရှားနိုင်ငံ ကူချင်းမြို့တွင် ကျင်းပပြုလုပ်သည့် အာရှ-ပစိဖိတ် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ သတင်းအဖွဲ့အစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ သတင်းဖိုရမ်တို့သို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Min Khant ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မြို့သာကျေးရွာနေ မျိုးမင်းခန့်(ခ) အူဝဲအား မွန်းလွဲ ၁၂ နာရီခွဲတွင် မြို့သာနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

အကြမ်းဖက် သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံသားများ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြား ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို Drone များ အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများအတွင်းသို့ ဝင်ရောက်နေရာယူ၍ အခိုင်အမာခံစစ်စခန်း ပြုလုပ်ခြင်းစသည့် အဖျက်အမှောင့်လုပ်ငန်းများဖြင့် ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဧပြီ ၂၁ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းအတွင်းသို့ ဝင်ရောက်နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့ခြင်း၊ ဇွန် ၁၅ ရက်တွင် KKO(ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့ ဇောတိရာမပင်မကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆရာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊ ဇူလိုင် ၂ ရက်တွင် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဥထရစ်ထနယ်မြေအတွင်းရှိ စေတီပုထိုးနှင့် ဘာသာရေး အဆောက်အဦများအတွင်း ဝင်ရောက်နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့ခြင်း၊ စက်တင်ဘာ ၂၆ ရက်တွင် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကယားပြည်နယ် ပန်တိန်းမြို့ရှိ ကက်သလစ်ဘုရားရှိခိုးကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ခြင်း၊ ဒီဇင်ဘာ ၄ ရက်တွင် MNDAA ပူးပေါင်းအကြမ်းဖက် သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ရှိ ရပ်တော်မူဘုရားနှင့် မိဂဒါမဟာစေတီကို Drone များအသုံးပြု၍ Drop Bomb ဖြင့် ပစ်ချဖျက်ဆီးခဲ့ခြင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် TNLA အကြမ်းဖက် သောင်းကျန်းသူများက နမ့်ခမ်းမြို့ ပေါက်တိုက်မရပ်ကွက်ရှိ ဇေယျသုခဘုန်းတော်ကြီးကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ခြင်း၊ ဒီဇင်ဘာ ၂၅ ရက်တွင် AA အကြမ်းဖက် သောင်းကျန်းသူများက မြောက်ဦးမြို့ပေါ်ရှိ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုပြတိုက်အား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျောက်စာချပ်များ ပျက်စီးခဲ့ခြင်းနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် MNDAA ပူးပေါင်းအကြမ်းဖက် သောင်းကျန်းသူများက ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ဆီအောကျေးရွာ၏ မြောက်ဘက် ပို္ငင့်-၂၂၀၂ တောင်ကုန်း (ဆင်ဦးကင်းကုန်း)ပေါ်ရှိ ဒေသခံပြည်သူများနှင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတစ်ဆူအား အကြမ်းဖက်သမားများက သံတူဖြင့် ထု၍ စေတီအား ဖြိုချဖျက်ဆီးခဲ့ခြင်း စသဖြင့် ဘာသာတရားအပေါ် အကြမ်းဖက်မှုများ ပြုလုပ်လာသည်ကို တွေ့ရှိရသည်။

ယင်းသို့ အကြမ်းဖက် သောင်းကျန်းသူများ၏ ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို မိုက်ရိုင်းစော်ကားစွာ ဖျက်ဆီးလျက်ရှိသဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များအပေါ် လုံးဝ လက်မခံနိုင်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် MNDAA ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ဆီအောကျေးရွာ၏ မြောက်ဘက် ပို္ငင့်-၂၂၀၂ တောင်ကုန်း (ဆင်ဦးကင်းကုန်း)ပေါ်ရှိ စေတီတစ်ဆူအား သံတူဖြင့် ထုရိုက်ဖျက်ဆီးနေသည့် မှတ်တမ်းဓာတ်ပုံ။






ဒီဇင်ဘာ ၄ ရက်တွင် MNDAA ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ ရပ်တော်မူဘုရားနှင့် မိဂဒါမဟာစေတီကို Drone များ အသုံးပြု၍ Drop Bomb ဖြင့် ပစ်ချဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဧပြီ ၂၁ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းအတွင်းသို့ ဝင်ရောက်နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဒီဇင်ဘာ ၁၃ ရက်တွင် TNLA အကြမ်းဖက်သောင်းကျန်းသူများက နမ့်ခမ်းမြို့ ပေါက်တိုက်မရပ်ကွက်ရှိ ဇေယျသုခဘုန်းတော်ကြီးကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဇူလိုင် ၂ ရက်တွင် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဥထရစ်ထနယ်မြေအတွင်းရှိ စေတီပုထိုးနှင့် ဘာသာရေးအဆောက်အဦများအတွင်း ဝင်ရောက်နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



စက်တင်ဘာ ၂၆ တွင် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကယားပြည်နယ် ပန်တိန်းမြို့ရှိ ကက်သလစ်ဘုရားရှိခိုးကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။



ဒီဇင်ဘာ ၂၅ ရက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်အား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ပျက်စီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။



ဇွန် ၁၅ ရက်တွင် KKO(ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့ ဇောတိရာမပင်မကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆရာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ကာဆယ်ကွင်းလယ်ကစားသမား ဂျိုးလင်တန် ရက်သတ္တခြောက်ပတ်အထိ အနားယူရဖွယ်ရှိ

နယူးကာဆယ်အသင်းမှ ကွင်းလယ်ကစားသမား ဂျိုးလင်တန်သည် ပေါင်ဒဏ်ရာကြောင့် ရက်သတ္တ ခြောက်ပတ်အထိ အနားယူရဖွယ်ရှိကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် ကွင်းလယ်ကစားသမား ဂျိုးလင်တန်သည် စနေနေ့က အက်ဖ်အေဖလားပွဲစဉ်အဖြစ် ဆန်းဒါးလန်းကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် အဆိုပါ ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ဘရာဇီးကစားသမား ဂျိုးလင်တန်သည် ယခုနှစ်ရာသီတွင် ၂၃ ပွဲ ကစားထားပြီး သုံးဂိုးသွင်းကာ လေးကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။



အက်ဖ်အေဖလား တတိယအဆင့်ပြိုင်ပွဲတွင် ပြိုင်ဘက်ဆန်းဒါးလန်းအသင်းဘက်သို့ နယူးကာဆယ်အသင်း ပထမသွင်းဂိုး ရယူပြီးနောက် ဂျိုးလင်တန် (လယ်) နှင့် အသင်းဖော်များ အောင်ပွဲခံစဉ်။

နယူးကာဆယ်အသင်းသည် ဂျိုးလင်တန်ဒဏ်ရာရရှိနေသည့်အတွက် လာမည့်ပွဲစဉ် သုံးပွဲဖြစ်သည့် မန်စီးတီး၊ ဖူလ်ဟမ်နှင့် အက်စ်တွန်ဗီလာအသင်း ပွဲစဉ်များကို ၎င်းမပါဘဲ ယှဉ်ပြိုင်ကစားရတော့မည် ဖြစ်သည်။

နယူးကာဆယ်အသင်းသည် ပရီမီယာလိဂ် ပွဲ ၂၀ ကစားပြီးနောက် ရမှတ် ၂၉ မှတ်ဖြင့် အဆင့် (၉) တွင် ရပ်တည်နေသည်။

# စပိန်စူပါဖလားဖိုလ်လုပွဲ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားမည်



SUPERCOPA DE ESPAÑA

**စပိန်စူပါဖလားဖိုလ်လုပွဲ**

15-01-2024 Super Cup KO 01:30

ရီးရဲမက်ဒရစ် vs ဘာစီလိုနာ

ယခုနှစ် စပိန်စူပါဖလားဖိုလ်လုပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁ နာရီခွဲတွင် စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်ကို ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် စပိန်စူပါဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အက်သလက်တီကို မက်ဒရစ်အသင်းကို အကြိတ်အနယ်ကစားပြီး ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ဖိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းလာသည်။

ပြိုင်ဘက် ဘာစီလိုနာအသင်းက ဆီမီးဖိုင်နယ်တွင် အိုဆာဆူနာအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဖိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့သည် ယမန်နှစ်က စပိန်စူပါဖလားဖိုလ်လုပွဲတွင် တွေ့ဆုံထားပြီး ဘာစီလိုနာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။

ထို့ကြောင့် ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ယခုနှစ် စပိန်စူပါဖလား ဖိုလ်လုပွဲတွင် ဘာစီလိုနာအသင်းကို ယမန်နှစ်က ရှုံးကြွေးပြန်ဆပ်သွားနိုင်မလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

အဆိုပါဖလား လက်ရှိချန်ပီယံမှာ ဘာစီလိုနာအသင်းဖြစ်ပြီး ဖလားဆွတ်ခူးရရှိမှုမှာလည်း ဘာစီလိုနာအသင်းက ၁၄ ကြိမ်ဖြင့် အများဆုံး ဆွတ်ခူးထားသည်။

လက်တလောခြေစွမ်းအရ ရီးရဲမက်ဒရစ်အသင်းက ဘာစီလိုနာအသင်းထက် ခြေစွမ်းသာလွန်မှုရှိပြီး ပွဲစဉ်တိုင်းနီးပါးကို ဖိအားကင်းကင်းဖြင့် ကစားထားနိုင်တယ်။

ထို့ကြောင့် ယခုနှစ် စပိန်စူပါဖလားဖိုလ်လုပွဲတွင် ရီးရဲမက်ဒရစ်အသင်းက ယမန်နှစ်စူပါဖလားဖိုလ်လုပွဲရှုံးကြွေးထပ်တင်သွားမလား သို့မဟုတ် ဘာစီလိုနာအသင်းကပင် ထပ်မံအနိုင်ရရှိသွားမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

# ဂျီနိုအာခံစစ်ကစားသမား ဒရာဂူဆင်ကို စပါးအပြီးသတ် ခေါ်ယူ



စပါးအသင်းသည် အီတလီကလပ် ဂျီနိုအာအသင်းမှ ရိုမေးနီးယားခံစစ်ကစားသမား ရာဒူ ဒရာဂူဆင်ကို ပေါင် ၂၅ သန်းဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၁ နှစ်အရွယ် ဒရာဂူဆင်သည် လိုက်ပ်ဇစ်အသင်းမှ တီမိုဝါနာ အငှားဖြင့် ခေါ်ယူပြီးနောက် ယခုအပြောင်းအရွှေ့ကာလတွင် စပါးအသင်း၏ ဒုတိယမြောက် ခေါ်ယူသည့် ကစားသမားဖြစ်လာခဲ့သည်။

ရိုမေးနီးယားကစားသမားသည် ယခုနှစ်ရာသီ စီရီးအေကလပ် ဂျီနိုအာအသင်း၏ ၂၂ ပွဲကို ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိထားသူ ဖြစ်သည်။ အပြောင်းအရွှေ့ တစ်စိတ်တစ်ပိုင်းအဖြစ် စပါးခံစစ်ကစားသမား စပန့်စ်သည် ဂျီနိုအာအသင်းသို့ ရာသီဝက်အငှား ပြောင်းရွှေ့သွားပြီ ဖြစ်သည်။ ဒရာဂူဆင်ကို ဂျာမန်နာမည်ကြီး ဘိုင်ယန်မြူးနစ် အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားခဲ့ကြောင်း သိရသည်။

**Premier League Game Week 21**

ယခုတစ်ပတ်မှာ ပရီမီယာလိဂ်ပွဲစဉ် (၂၁) ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နယူးကာဆယ်နဲ့ မန်စီးတီး၊ အဲဗာတန်နဲ့ အက်စ်တွန်ဗီလာ၊ မန်ယူနဲ့ စပါးအသင်းတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

## တိုက်စစ်ထက်မြက်တဲ့ စပါးကို အိုးထရက်ဖို့ဒ်မှာ မန်ယူကျော်ဖြတ်သွားနိုင်မလား

### ချယ်ဆီး Vs ဖူလ်ဟမ်

ချယ်ဆီးနဲ့ ဖူလ်ဟမ်အသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး နှစ်ပွဲရလဒ်

| စနေနေ့ | ည - ၇း၀၀ | Stamford Bridge | |
|---|---|---|---|
| ဖူလ်ဟမ် | ၀ - ၂ | ချယ်ဆီး | ပရီမီယာလိဂ် |
| ချယ်ဆီး | ၂ - ၀ | ဖူလ်ဟမ် | ခြေစမ်းပွဲ |

ဖူလ်ဟမ်ထက် ချယ်ဆီးက သာလွန်မှုရှိတယ်။ ပြီးခဲ့တဲ့ လိဂ်ဖလားပြိုင်ပွဲမှာ ချယ်ဆီးရော ဖူလ်ဟမ် အသင်းပါ ပြိုင်ဘက်ကို ရှုံးနိမ့်ထားတာကြောင့် ဒီပွဲစဉ်က အဲ့ဒီရှုံးနိမ့်မှုကို ချေဖျက်ဖို့ နှစ်သင်းစလုံးကြိုးစားလာမှာပါ။ ဒီရာသီအဝေးကွင်း ၁၀ ပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားတဲ့ ဖူလ်ဟမ်အနေနဲ့ ချယ်ဆီးကို နိုင်ဖွယ်ရာ မရှိဘူး

### နယူးကာဆယ် Vs မန်စီးတီး

ကာဆယ်နဲ့ မန်စီးတီးအသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး နှစ်ပွဲရလဒ်

| တနင်္ဂနွေနေ့ | နံနက် - ၁၂း၀၀ | St. James' Park | |
|---|---|---|---|
| ကာဆယ် | ၁ - ၀ | မန်စီးတီး | လိဂ်ဖလား |
| မန်စီးတီး | ၁ - ၀ | ကာဆယ် | ပရီမီယာလိဂ် |

မန်စီးတီးခြေစွမ်းထက်တာ မှန်ပေမယ့် နယူးကာဆယ်နဲ့တွေ့တိုင်း ရုန်းကန်ရလေ့ရှိတယ်။ ပရီမီယာလိဂ်မှာ သုံးပွဲဆက် ရှုံးနိမ့်မှုနဲ့အတူ ရလဒ်ဆိုးရွားမှုနဲ့ ကြုံတွေ့နေရတဲ့ ကာဆယ်အနေနဲ့ မဖြစ်မနေ မန်စီးတီးကို နိုင်ပွဲရဖို့ ခြေကုန်ထုတ်လာမှာပါ။ သို့သော်ငြား မန်စီးတီးအသင်း အသာရဖွယ်ရှိတယ်။

### အဲဗာတန် Vs အက်စ်တွန်ဗီလာ

အဲဗာတန်နဲ့ ဗီလာအသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး နှစ်ပွဲရလဒ်

| တနင်္ဂနွေနေ့ | ည- ၈း၃၀ | Goodison Park | |
|---|---|---|---|
| ဗီလာ | ၁ - ၂ | အဲဗာတန် | လိဂ်ဖလား |
| ဗီလာ | ၄ - ၀ | အဲဗာတန် | ပရီမီယာလိဂ် |

ဒီရာသီမှာ အမှတ်ပေးဖလား စိန်ခေါ်နိုင်စွမ်းရှိတဲ့ ဗီလာကို တန်းဆင်းဇုန်ဖိအားရှိတဲ့ အဲဗာတန်အသင်း ကျော်ဖြတ်ဖို့ မလွယ်ကူဘူး။ ဗီလာအသင်းက စုစည်းမှုအားကောင်းတယ်ဆိုပေမယ့် အဝေးကွင်းအားနည်းတတ်တယ်။ သို့သော်လည်း အဲဗာတန်အနေနဲ့ ဗီလာကို အနိုင်ယူကျော်ဖြတ်ဖို့ ခက်မယ်။

### မန်ယူ Vs စပါး

မန်ယူနဲ့ စပါးအသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

| တနင်္ဂနွေနေ့ | ည- ၁၁း၀၀ | Old Trafford | |
|---|---|---|---|
| စပါး | ၂ - ၀ | မန်ယူ | ပရီမီယာလိဂ် |
| စပါး | ၂ - ၂ | မန်ယူ | ပရီမီယာလိဂ် |

စပါးအတွက် အမှတ်ပေးဇယား အထက်ပိုင်းတက်လှမ်းဖို့ အရေးပါနေသလို မန်ယူနည်းပြအတွက်လည်း ဖိအားလျှော့ချဖို့ အရေးပါနေတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ တိုက်စစ်အားနည်းမှုနဲ့အတူ ဂိုးသမား အိုနာနာရဲ့ စွမ်းဆောင်မှုတွေကြောင့် တိုက်စစ်ထက်မြက်တဲ့ စပါးကို မန်ယူ အနိုင်ယူဖို့ဆိုတာ မလွယ်တဲ့ အနေအထားမှာ ရှိတယ်။

■ မိုးဇက် - စုစည်းသည်

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - မန္တလေးမှ ညောင်ဦးမြို့တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ကုသမှုပေး


ညောင်ဦး ဇန်နဝါရီ ၁၂

ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန်အတွက် နိုင်ငံသားတို့အား ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှု၊ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန၏ ညှိနှိုင်းစီစဉ်ပေးမှုတို့ဖြင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး မေးရိုးနှင့်ခံတွင်းခွဲစိတ်ကုပညာဌာနမှ အထူးကုဆရာဝန်များနှင့် သူနာပြုများပါဝင်သောအဖွဲ့သည် ညောင်ဦးမြို့ပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ကုသမှုပေးလျက်ရှိသည်။

အဆိုပါအဖွဲ့တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးမှ အဖွဲ့ဝင်ခုနစ်ဦး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်မှ အဖွဲ့ဝင် နှစ်ဦး၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ အဖွဲ့ဝင် တစ်ဦး၊ မိတ္ထီလာပြည်သူ့ဆေးရုံကြီးမှ အဖွဲ့ဝင် သုံးဦး စုစုပေါင်းအဖွဲ့ဝင် ၁၃ ဦးတို့ ပူးပေါင်းပါဝင်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၂၅ ဦးတို့ကို ညောင်ဦးပြည်သူ့ဆေးရုံတွင် ခွဲစိတ်ကုသမှုပြုလုပ်ပေးပြီး အချိန်ယူခွဲစိတ်ကုသရမည့် လူနာများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးသို့ ခေါ်ယူ၍ ကုသပေးမည်ဖြစ်သည်။

ခွဲစိတ်ကုသမှုလုပ်ငန်းများနှင့် ခွဲစိတ်ပြီးလူနာများ စောင့်ရှောက်ကုသမှုလုပ်ငန်းများကို ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကမ္ဘာ့ရေးရာ
Global Affairs
အမှတ်(၂၃)
(ဒီဇင်ဘာ၊ ၂၀၂၃)
ထွက်ပြီ
၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ်- ၂၃ တွင်
တစ်အုပ် (၅၅၀၀) ကျပ်


## သီပေါဒေသမှ ယာယီတိုက်ပွဲရှောင်များအား မိုင်းအန္တရာယ်အသိပညာပေး၊ အနွေးထည်များလှူဒါန်း

သီပေါ ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အနောက်ခြမ်းဒေသ ကျင်သီ၊ ပေါ်ကြို၊ မန်ဟဲ၊ ဆားတွင်း၊ အုံမု၊ တွန်တီး၊ နားခဲ၊ စံဖိတ်၊ စံလိုင်နှင့် နားလွယ် စသည့်ကျေးရွာများမှ ယာယီတိုက်ပွဲရှောင်ဒေသခံပြည်သူများဘုန်းတော်ကြီးကျောင်းများရှိ ခိုလှုံရေးစခန်းများ၌ ခိုလှုံလျက်ရှိကြရာ စေတနာရှင်ပြည်သူများ၊ ပရဟိတအဖွဲ့များက ၎င်းတို့စားဝတ်နေရေး အခက်အခဲမရှိစေရန် ဆန်နှင့် အခြေခံစားသောက်ကုန်များ၊ အနွေးထည်များကို ကူညီပံ့ပိုးလှူဒါန်းလျက်ရှိသည်။

သီပေါမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ ယနေ့နံနက်ပိုင်းတွင် အသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လူနှင့် တာဝန်ရှိသူများက မြို့ဟောင်းကျေးရွာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အဆောက်အအုံ၌ ခိုလှုံလျက်ရှိသည့် ယာယီတိုက်ပွဲရှောင်များကို မိုင်းအန္တရာယ်နှင့် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့်ဆွေးနွေးဟောပြောပြီး ဗီဒီယိုဆလိုက်များ ဓာတ်လမ်းများဖြင့် အသိပညာပေးပြသသည်။



ထို့နောက် ဆောင်းတွင်းကာလ အအေးဒဏ်ကာကွယ်နိုင်ရန် အနွေးထည်များ၊ အကာနှင့်အခင်းများ၊ တာပေါ်လင်စများအပြင် BHRC ပရောဂျက်မှ ပံ့ပိုးသည့် ဆပ်ပြာမှုန့်များကို ဝေငှပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## လပွတ္တာခရိုင်အတွင်းရှိ ဒေသထွက်ကုန်ပစ္စည်းများ ကုန်စည်ပြပွဲဖွင့်ပွဲ ကျင်းပ

လပွတ္တာ ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ခရိုင်အတွင်းရှိ မြို့နယ်များမှ အသေးစားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများမှထွက်ရှိသည့် ဒေသထွက်ကုန်ပစ္စည်းများ ကုန်စည်ပြပွဲကို ဇန်နဝါရီ ၁၁ ရက်က လပွတ္တာမြို့ အထွေထွေအုပ်ချုပ်ရေးရုံးရှေ့ရှိ စိန်ရတုလမ်း၌ ကျင်းပသည်။



အဆိုပါ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်မြင့်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းမြင့်၊ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူရနှင့် မြို့မိမြို့ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဘင်ခရာအဖွဲ့များနှင့် ကရင်ဒုံးယိမ်းအဖွဲ့များအား ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ခရိုင်အတွင်းရှိ မြို့နယ်များမှ အသေးစားနှင့် အလတ်စားလုပ်ငန်းများမှ ထုတ်လုပ်သော ကုန်စည်ပြခန်း ၁၇ ခန်း ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၀ ကျပ် | ၂၄၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၁၅ ကျပ် | ၂၅၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၂၅ ကျပ် | ၂၆၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဝင် ဦးအောင်ဖြိုးရှိန်(မောင်ယဉ်ကျေး-တာချီလိတ်) ရန်ကုန်မြို့ ဂရင်းဟံသာဆေးရုံ၌ ဆေးကုသနေရသည့်အတွက် အဖွဲ့မှ ကျန်းမာရေး ထောက်ပံ့ငွေကျပ် တစ်သိန်းကို အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း(တညင်လေး)၊ အတွင်းရေးမှူး ဦးတင်ဝင်း (တင်ဝင်းလေး-ကြည့်မြင်တိုင်)၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းစိုး (ကိုကြီးစိုး)တို့က ဇန်နဝါရီ ၁၂ ရက်က ဆေးရုံ၌ ပေးအပ်စဉ်။ ကိုကြီးတင်

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၂၅၂ | ၂၁၉၂၄၀၀ |
| MTSH | ၂၈၅၀ | ၂၈၀၀ | ၅၄၅ | ၁၅၄၅၇၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁ | ၇၉၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၆၂ | ၂၄၃၃၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၅၀ | ၃၇၅၀၀၀ |
| EFR | ၁၉၅၀ | ၁၉၅၀ | ၁၀၄၁ | ၂၀၂၉၉၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၅ | ၂၃၅၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၁၀၀၇ | ၁၇၁၉၆၅၀ |

ညီညီ - စုစည်းသည်

# မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်

MYANMAR SEAFARERS FEDERATION

**" ကြားဖြတ်ရွေးကောက်ပွဲတွင်အရွေးချယ်ခံမည့်အဆိုပြုအလုပ်အမှုဆောင်အမည်စာရင်းကြေညာခြင်း"**

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းတွင် သင်္ဘောလိုက်နေသည့် သင်္ဘောသားများအား အလုပ်အမှုဆောင်အဖြစ်အရွေးချယ်ခံနိုင်မည့် ပြဋ္ဌာန်းချက်အရ အောက်ဖော်ပြပါသင်္ဘောသားများမှ အလုပ်အမှုဆောင်အဖြစ်အရွေးချယ်ခံရန် အဆိုပြုတင်ပြ ထားပါသဖြင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်၊ တနင်္ဂနွေနေ့တွင် နံနက်(၉)နာရီ မှ နေ့လည် (၂) နာရီအတွင်း ကြားဖြတ်အလုပ်အမှုဆောင်ရွေးကောက်တင်မြှောက်ခြင်းအခမ်းအနားအား အမှတ် (၅၃)၊ (၃၇) လမ်း၊ ကျောက်တံတားမြို့နယ်ရှိ အဖွဲ့ချုပ်ရုံးခန်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၁။ ဦးဝင်းအောင် ၂။ ဦးသူရမြင့် ၃။ ဦးထွန်းလွင် ၄။ ဦးငြိမ်းမောင် ၅။ ဦးဇော်မင်းထက်
၆။ ဦးနိုင်လင်းဦး ၇။ ဦးထူးဝေလွင်ဦး ၈။ မနော်ဒီနာစန်း

ရွေးချယ်တင်မြှောက်ရေးကော်မရှင် (၂၀၂၂-၂၀၂၄ ခုနှစ်)

# မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA)နှင့် အများသိစေရန်ကြေညာခြင်း

၁။ ARENA (အာဆီယံ အိမ်ခြံမြေ ကွန်ရက် မဟာမိတ်အဖွဲ့)သည်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု အမျိုးသားအိမ်ခြံ မြေဝန်ဆောင်မှုအသင်းတစ်သင်းစီပါဝင်သော ဒေသတွင်းအိမ်ခြံမြေအုပ်စု အဖွဲ့တစ်ခုဖြစ်ပါသည်။ ARENAတွင် ယခုလက်ရှိအဖွဲ့ဝင်နိုင်ငံများအဖြစ် မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ပါဝင်ပါသည်။ အောက်ဖော်ပြပါ အမှတ်တံဆိပ်သည် ARENA ၏ အမှတ်တံဆိပ်ဖြစ်ပါသည်။

ARENA
ASEAN REAL ESTATE NETWORK ALLIANCE

၂။ ARENA သည် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) ကို မြန်မာနိုင်ငံကိုယ်စားပြု အမျိုးသား အိမ်ခြံမြေဝန်ဆောင်မှုအသင်းအဖြစ် အသိအမှတ်ပြုထားပြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (MRESA)၏ ဥက္ကဋ္ဌ ဦးခင်မောင်သန်း (၁၂/စခန(နိုင်)၀၂၆၈၁၃) ကိုလည်း ARENA ဥက္ကဋ္ဌများကောင်စီမှ ဥက္ကဋ္ဌ တစ်ဦးအဖြစ် တရားဝင် အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။

၃။ ARENA သည် ARENA၏အမည်နှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို ဥက္ကဋ္ဌဦးခင်မောင်သန်း ဦးဆောင်သည့် မြန်မာ နိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA)က တရားဝင်ရွေးချယ်ထားသော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များကိုသာ တရားဝင်အသုံးပြုရန်ခွင့်ပြုထားပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ မည်သည့် အသင်းအဖွဲ့တစ်ရပ်ရပ်ကိုဖြစ်စေ ထိုသို့အသုံးမပြုရန် တားမြစ်ထားပါသည်။

၄။ အထက်ဖော်ပြပါအချက်များကို ARENA၏ကိုယ်စားအထွေထွေအတွင်းရေးမှူးချုပ် SOMA SUNDRAN ကိုယ်တိုင် (၁၁-၈-၂၀၂၃)ရက်စွဲပါစာဖြင့် လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာသို့ ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းအနေဖြင့် အထက်ဖော်ပြပါ ARENA အမှတ်တံဆိပ်ကို မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်၍အသုံးပြုနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။

၅။ သို့ဖြစ်၍ ဥက္ကဋ္ဌဦးခင်မောင်သန်း ဦးဆောင်သည့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA)က တရားဝင်ရွေးချယ်ထားသော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များလွဲ၍ အခြားမည်သူမဆို ARENA၏ အမည်နှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ကိုအသုံးပြုပါက တရားဝင်လိမ့်မည်မဟုတ်ကြောင်းနှင့် ထိုသို့အသုံးပြု၍ အကျိုးဆက် တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အသုံးပြုသူသာလျှင် တာဝန်ယူရလိမ့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**MRESA ၏ လွှဲအပ်တာဝန်ပေးချက်အရ-**
**ဦးသက်ကိုကို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၆၄/၃၀-၇-၂၀၁၉)**
**အမှတ်(၁၀၇)၊ မြရတနာ(၅)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၇၈၇၉၄၄၉၂၇၊ ၀၉-၉၄၅၆၀၈၀၀၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၃) ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် ဦးလှရီထွန်း အစား ဦးလှရီထွန်း ၁၂/ရပသ(နိုင်)၁၀၂၂၂၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့၊ အထက-အင်းတော် Grade-11 မှ မောင်အောင်သူခန့်၏ ဖခင်အမည်မှန်မှာ ဦးနိုင်စိုး(ခ) ဦးအောင်နိုင်စိုး ဖြစ်ပါကြောင်း။

**ဦးနိုင်စိုး(ခ)ဦးအောင်နိုင်စိုး**

## အမည်မှန်

ဦးစိုင်းစံဖတ်၏သား ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက (သဃ်န်းညီနောင်)Grade-(3)မှ စိုင်းစိုင်းခမ်းလှိုင်၏ အမည်မှန်မှာ စိုင်းကြယ်စင်လှိုင်း ဖြစ်ပါကြောင်း။

**စိုင်းကြယ်စင်လှိုင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီးအင်းစိန်မြို့နယ်နေ ဦးခင်မောင်ဝင်း၏သား မောင်အောင်ဇေယျ(ခ)မောင်အေးမင်း ၁၂/အစန(နိုင်) ၂၁၉၇၂၅ မှာ နာမည်နှစ်မျိုးကွဲသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်အောင်ဇေယျ(ခ)**
**မောင်အေးမင်း**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး-မုံရွာမြို့
## လေလံတင်ရောင်းချခြင်း

၁။ မုံရွာမြို့-ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးအတွင်းရှိ တိုးချဲ့ငါးထပ်လူနာဆောင်တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုခဲ့သော တည်ဆောက်ရေးလုပ်ငန်းသုံး လက်ကျန်ပစ္စည်းများဖြစ်သည့် ၂" ငြမ်းပိုက်၊ ငြမ်းကလစ်၊ ငြမ်းဖိနပ်၊ ကွန်ကရစ်ဖျော်စက်၊ဝင့်စက်၊ဘိုထိုင်အိမ်သာခွက်နှင့် P.V.C pipe တို့ကို လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် ဝယ်ယူလိုသော တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များအား လေလံတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | (၁၀-၁-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့) |
| (ခ) | **လေလံလျှောက်လွှာ** နောက်ဆုံးတင်သွင်းရမည့်နေ့ရက် | - | (၂၃-၁-၂၀၂၄)ရက် (အင်္ဂါနေ့) ညနေ(၀၄:၃၀)နာရီ |
| (ဂ) | လေလံလျှောက်လွှာ တင်သွင်းရမည့်နေရာ | - | ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ မုံရွာမြို့ |

၂။ လေလံလျှောက်လွှာများကို ဆေးရုံအုပ်ကြီးရုံး၊ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊မုံရွာမြို့ တွင်လာရောက်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ လေလံအသေးစိတ်အချက်အလက်များကို သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ ဖုန်း(၀၇၁-၂၃၂၄၅) သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကော်ဖီလှော်စက်(၁၅) လုံး ဝယ်ယူခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၁၅-၁-၂၀၂၄ ရက်မှ ၂၈-၁-၂၀၂၄ ရက်အထိ (ရုံးချိန်အတွင်း)။ |
| ၃။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊အရှေ့မြို့ပတ်လမ်း၊ရေအေးကွင်းရပ်ကွက်၊ အထက (၁၀) အနီး။ |
| ၄။ | **တင်ဒါလျှောက်လွှာပိတ်ရက်** | - | ၂၈-၁-၂၀၂၄ရက်၊ (၁၆:၃၀) နာရီ။ |

၅။ အသေးစိတ်သိရှိလိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၈၁-၂၂၀၆၈၂၉၊ ၀၉-၄၀၂၅၈၄၇၁၈တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## ရန်ကုန်ဘတ်(စ်)ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ဘတ်(စ်)ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ မော်တော်ယာဉ်များတွင် အသုံးပြုရန် အတွက် မော်တော်ယာဉ်သုံး Tyre, Battery, Coolant, Power Oil, Gear Oil, Brake Oil Dot-4, Grease Ep-3 နှင့် ယာဉ်အပိုစက်ပစ္စည်း(Spare Parts)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူတင်သွင်းရန်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** | - | (၁၅-၁-၂၀၂၄) မှ ( ၁၈-၁-၂၀၂၄) ထိ |
| (ခ) | **တင်ဒါပုံစံဈေးနှုန်းလွှာ တင်သွင်းရမည့်နေ့ရက်/အချိန်** | - | (၁၉-၁-၂၀၂၄) ရက်နှင့် (၂၂-၁-၂၀၂၄) ရက် နံနက် ၁၀:၀၀ နာရီ မှ ညနေ ၁၅:၀၀ နာရီထိ |
| (ဂ) | **တင်ဒါဖွင့်ဖောက်မည့် နေ့ရက်/အချိန်** | - | (၂၃-၁-၂၀၂၄)ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၃:၀၀နာရီ |
| (ဃ) | **တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** | - | အမှတ်(၇)၊ ထောက်ကြန့်မြို့ ရှောင်လမ်း၊ မှော်ဘီမြို့နယ်။ (YBPC ရုံးချုပ်) |

၃။ အသေးစိတ်အချက်အလက်များကို တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ ဖုန်း- ၀၉-၇၅၀၉၄၃၀၃၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**YBPC ရုံးချုပ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၃)၊ အမှတ် (၁၄)ရပ်ကွက်၊ ချောင်းသာလမ်း၊ မြေကွက်အမှတ်(၆၂၁/က)၊ မြေအကျယ်ပေ (၂၀x၆၀)၊ (ဒေါ်တင်ကြည် အမည်ပေါက် မြေချပါမစ်)ရှိ မြေကွက်နှင့် နေအိမ်၊ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေကွက်အမည်ပေါက် ဒေါ်တင်ကြည်၏ခင်ပွန်း ဦးကျော်သောင်းထံမှ တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဇော်မင်းဦး(ခ)ဦးကိုမင်း (၁၂/လသယ(နိုင်)၀၂၁၁၆၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးဆွေ(၁၂/လသယ(နိုင်) ၀၅၂၄၀၀)က အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မိုးမိုးဆွေ** | **ဒေါ်ညိုမြာထွေး(စဉ် - ၁၄၆၇၂)** |
| **(၁၂/လသယ(နိုင်)၀၅၂၄၀၀ )** | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်(၇၉/ခ)၊ ခရေလမ်း၊ (၁၅) ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၄၂၀၂၉၄၀၀၄** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈/လမ်းမတော်ရပ်)၊ ဦးပိုင်အမှတ်(၆)၊ မြေဧရိယာ(၀.၂၉၃)ဧကရှိ ဒေါ်ဂျမ်းအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးမောင်မောင်တာ(ဘ) ဦးမောင်ကို ၉/လဝန(နိုင်)၁၅၃၃၈၁ မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများ တင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်**
**သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်နေ ဒေါ်အေးအေးငွေးက စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အကွက်အမှတ် (၄)၊ နာဇီတောင်အကွက်၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၁.၅၁၁)ဧကအနက်မှ ဧရိယာ (၀.၀၃၀)ဧကရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဒေါ်မြလှပုံမှာ ကွယ်လွန်သွားပြီးဖြစ်၍ မြေးဖြစ်သူ ဒေါ်မလှယဉ်ထံမှ ဒေါ်အေးအေးငွေးက စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၉၃/၂၀၂၃အရ အိမ်ရာမြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းအမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**စစ်တွေမြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လမ္ဘာတော်မြောက်၊ ကျေးပင်တန်းရပ်ကွက်၊ အိမ်အမှတ်(၃၇၆)နေ ဦးမင်းစောခိုင်နှင့် ဒေါ်စံအေးနု တို့၏သမီးကြီး မစောမြတ်ကေခိုင် ၁၁/စတန(နိုင်)၁၃၆၆၆၅သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ မိဘခွင့်မလွှတ်နိုင်သည့် အပြုမူကိုပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဦးမင်းစောခိုင်**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေကွက်အမှတ် (ပ-၃၄၂၄၇)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ မြေကွက်သည် ဒေါ်မြစိန် ၁၂/သဃက (နိုင်)၀၈၃၆၅၄ အမည်ဖြင့် မြေပေးမိန့် ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးခင်မောင်ဆွေ ၉/ပမန (နိုင်)၀၂၃၆၇၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့် ကျွန်ုပ်ထံ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမဥ္ဇူ (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၉၈/၂၀၂၁)**
**အမှတ်(၆၃၇၈)၊ လှိုင်ကော်(၃)လမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊**
**ဥတ္တရသီရိမြို့၊ နေပြည်တော်။**
**ဖုန်း-၀၉-၄၃၀၇၅၅၇၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၅၇

ဒေါ်တင်မိုးမိုးနှောင်း **နှင့်** ဒေါ်ခင်အေးမိ

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ်-(၁၀၈၁)နေ တရားပြိုင် ဒေါ်ခင်အေးမိ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အိမ်မြေအရောင်းအဝယ်စာချုပ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၉)ရပ်ကွက်၊ ဝဏ္ဏဝသီလမ်းနေ ဦးအောင်မြင့်ထံမှ အမှတ်(၆၉)၊ (အလျား ပေ၂၀' x အနံ ပေ ၆၀)ရှိ ရေမီးအစုံ၊ ရေစက်၊ ပါမစ်မြေကို ဦးမျိုးထွန်း ၈/ပခက(နိုင်)၂၃၆၅၇၁ မှ ရေမီးအစုံ၊ ရေစက်၊ ပါမစ်မြေကို ဝယ်ယူရန် ၁၁-၁-၂၀၂၄ ရက်တွင် စရန်ငွေကို ပေးချေထားပြီး၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထက်ဖော်ပြပါ ရေမီးအစုံ၊ ရေစက်၊ ပါမစ်မြေနှင့် ပတ်သက်သော စာချုပ်စာတမ်း တရားဝင်ပိုင်ဆိုင်မှုမူရင်းဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရေမီးအစုံ၊ ရေစက်နှင့် ပါမစ်မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စိုးဝေ(LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၆၂၇)**
**အမှတ်(၆၇၂)၊ မင်းစေတီလမ်း၊ ရွာမအနောက်၊ အင်းစိန်။**
**ဖုန်း-၀၉-၂၆၈၃၀၈၂၅၇၊ ၀၉-၅၀၇၉၇၂**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ တိုက်အမှတ်-၈၃(၄လွှာ-A)၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း( ၁၂ ½ ပေxပေ၅၀)ရှိ တိုက်ခန်း(၁)ခန်း နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါတိုက်ခန်းအား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ မြေရှင် ဦးခင်မောင်ချို ၁၂/ဒပန(နိုင်)၀၃၂၀၆၉ နှင့် ဒေါ်ခင်သန်းစိန် ၁၂/ဒပန(နိုင်)၀၃၂၀၇၀ တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ကျော်ဝင်း ၁၂/ဒပန(နိုင်)၀၆၅၈၃၅ နှင့် ဦးဝေလင်းအောင် ၁၃/မရန(နိုင်)၀၅၈၃၄၈ တို့က ဝယ်ယူရန် သဘောတူညီပြီး အပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ ဝယ်ယူသူကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်မြတ်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇)**
**ရုံးခန်းအမှတ်-၃၊ သုမနလမ်းမကြီး၊ သာကေတမြို့နယ်ဥပဒေရုံးရှေ့၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၂၄၀၄၄၈၉**

## အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ BRILLIANT TRINITY CO LTD ၏ ၁၁-၁-၂၀၂၄ ရက်တွင် ကျင်းပ ပြုလုပ်ခဲ့သည့် အထူး အစည်းအဝေး ဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ အစုရှယ်ယာ စုစုပေါင်း ၅၀၀ စုမှ ၁၅ စုသို့ လျှော့ချမည်ဖြစ်ပါကြောင်း အများသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့၊ BRILLIANT TRINITY CO LTD**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင် ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(B)၊ တိုက်အမှတ်(B 5)၊ အခန်းအမှတ် (720)၊ Type (B+)၊ Area ( 938) sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလင်းထက်အောင် ၁၄/ရကန(နိုင်)၁၅၀၈၂၈ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးဇင်လတ်-ဒေါ်ခိုင်မြတ်ဆွေ**
**၈/မကန(နိုင်)၁၄၆၀၈၁ ၁၂/မရက(နိုင်)၁၁၀၂၇၀**
**ဖုန်း-၀၉-၉၆၆၄၆၃၁၀၆၊ ၀၉-၇၇၃၀၀၂၁၀၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

